# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၁၁ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၄၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်ဌာနချုပ်တစ်ခု၏ ကောင်းခြင်း၊ မကောင်းခြင်းသည် ယင်းတပ်ကို ဦးဆောင်ရသည့် ဦးစီးခေါင်းဆောင်များနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိပြီး ခေါင်းဆောင်မှုကောင်းစွာဖြင့် ကွပ်ကဲအုပ်ချုပ်နိုင်မှသာလျှင် တပ်ကောင်းတစ်ခုဖြစ်လာမည်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများအား ဗိုလ်တထောင်မြို့နယ်ရှိ ရေဝတီရေတပ်စခန်းဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ် စ ရာ


**ရန်ကုန်မြို့ရှိ အမေရိကန်သံအမတ်ထံသို့ မြန်မာပြည်သူတစ်ဦး၏ အိတ်ဖွင့်ပေးစာ**
ဆောင်းပါး | စာ - ၆

**အစ္စရေးတို့ လေကြောင်းတိုက်ခိုက်ပြီးနောက် ဒမတ်စကတ်လေဆိပ်လေကြောင်းလိုင်းများကို ဆီးရီးယား ရပ်ဆိုင်း**
နိုင်ငံတကာသတင်း | စာ - ၁၃




**ရွေးကောက်ပွဲစက်ဝန်းပါ လုပ်ငန်းဆောင်တာများ**
ဆောင်းပါး | စာ - ၁၆

မြန်မာ့အလင်း

## ပညာရေးအကြမ်းဖက်မှုများ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းရှုတ်ချ

နိုင်ငံတစ်ဝန်းလုံး၌ ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း အခြေခံပညာကျောင်းသား ကျောင်းသူ ၅၆ သိန်းကျော်တို့ ကျောင်းအပ်နှံခဲ့ကြပြီးနောက် ပြီးခဲ့သည့် ဇွန်လ ၂ ရက်နေ့မှ စတင်ကာ အခြေခံပညာကျောင်းများ ဖွင့်လှစ်၍ ပညာသင်ကြားနေကြပြီဖြစ်သည်။ သို့ရာတွင် မိဘများက မိမိတို့၏ သားသမီးများကို ကျောင်းအပ်နှံလိုကြပြီး ကျောင်းသူကျောင်းသားများကလည်း ကျောင်းတက်လိုပါလျက်၊ ဆရာ ဆရာမများကလည်း သင်ကြားပေးလိုပါလျက်နှင့် ကျောင်းမဖွင့်နိုင်သေးသည့် ဒေသများ ရှိနေကြသည်။ ထို့အပြင် ကျောင်းများကို ဗုံးခွဲ၊ မိုင်းခွဲ၊ မီးရှို့တိုက်ခိုက်မှုများ၊ ဒရုန်းယာဉ်ဖြင့် ဗုံးချတိုက်ခိုက်မှု၊ ကျောင်းသုံးစာအုပ်များကို ဖျက်ဆီးမှု၊ လုယက်မှု၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများကို အကြမ်းဖက်သတ်ဖြတ်မှု၊ ခြိမ်းခြောက်နှောင့်ယှက်မှု၊ ကျောင်းသူကျောင်းသားနှင့် မိဘများကို ခြိမ်းခြောက်မှု စသည်တို့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အမည်ခံ အကြမ်းဖက်အဖွဲ့များက ပိုမိုတိုးမြှင့် လုပ်ဆောင်လာသည်ကိုလည်း တွေ့ရသည်။ ကျောင်းများ မဖွင့်နိုင်ခြင်း၊ ကျောင်းသူကျောင်းသား ကလေးငယ်များ ပညာသင်ကြားခွင့် ဆုံးရှုံးရခြင်းတို့က လက်ရှိအစိုးရကို ဘာမှမထိခိုက်နိုင်သော်လည်း ကလေးငယ်များ၏ အနာဂတ်နှင့် နိုင်ငံ၏အနာဂတ်ကို များစွာထိခိုက်နစ်နာစေနိုင်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ် လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန်လိုအပ်သည်။ တရားဝင် ကောက်ယူရရှိထားသည့် စာရင်းဇယားများအရ မိမိတို့နိုင်ငံ၏ ပညာရေးမှာ အားနည်းနိမ့်ကျနေသည်။ ပညာတတ်လူသားအရင်းအမြစ် လွန်စွာနည်းပါးနေသည့် အခြေအနေဖြစ်ရာ ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ အနည်းဆုံး အခြေခံပညာအလယ်တန်း အောင်မြင်သည်အထိ သင်ကြားနိုင်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ပေးရန် လိုအပ်နေသည်။ အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသည့် ကလေးတစ်ဦးအနေဖြင့် အတန်းပညာ ဆက်လက်သင်ယူလိုသည်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ယူလိုသည်ဖြစ်စေ အရည်အသွေးပြည့်ဝစွာဖြင့် သင်ယူနိုင်သည့်အနေအထားတွင် ရှိနေမည်ဖြစ်ပြီး မိမိသင်ယူလိုသည့် ပညာရေးလမ်းကြောင်းကို ရွေးချယ်သွားနိုင်ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပညာသင်ကြားမှုများ ရပ်တန့်ထားခဲ့ရသည့် အခြေအနေမှ ကပ်ရောဂါကို ထိန်းချုပ်လာနိုင်သည့်အချိန်တွင် နိုင်ငံတော်အစိုးရက ကျောင်းများပြန်လည်ဖွင့်လှစ်ပေးပြီး ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ပေးသည်ကို ဆန့်ကျင်၍ ပြည်တွင်းပြည်ပ အကြမ်းဖက်အုပ်စုများက နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်၊ ခြိမ်းခြောက်၊ သတ်ဖြတ်၊ ဖျက်ဆီးနေကြသည်များမှာ ကလေးများအတွက် ပညာသင်ကြားခွင့် အခွင့်အရေးကို ပိတ်ပင်ဖျက်ဆီးခြင်းဖြစ်ပြီး စာသင်ကျောင်းနှင့် ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူများကို ပစ်မှတ်ထား၍ တိုက်ခိုက်နေခြင်းများကလည်း စစ်ရာဇဝတ်မှုကို ကျူးလွန်နေခြင်းပင်ဖြစ်သည်။ အကြမ်းဖက်မှုများကြောင့် ပညာရေးဝန်ထမ်းများ အသက်ဆုံးရှုံးရခြင်း၊ ကျောင်းသုံးစာအုပ်များ၊ ကျောင်းအဆောက်အအုံများ ပျက်စီးရခြင်းစသည့် အနိဋ္ဌာရုံမြင်ကွင်းများမှာလည်း စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်သည်။

ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သည့် အကြမ်းဖက်သမားများကို ၎င်းတို့ ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့်ညီသော ပြစ်ဒဏ်အသီးသီးကို ချမှတ်ခဲ့စဉ်က အသံထွက်ကန့်ကွက်ခဲ့ကြသော နှုတ်များမှာ အကြမ်းဖက်သမားတို့က မြန်မာ့ပညာရေးကို အကြမ်းနည်းပေါင်းစုံဖြင့် တိုက်ခိုက်ဖျက်ဆီးနေကြချိန်တွင်မူ အသံတိတ်နည်းဖြင့် အားပေးနေကြသယောင်ပင် ဖြစ်သည်။ နိုင်ငံအတွက်ဖြစ်စေ၊ ကျောင်းသူကျောင်းသားတို့အတွက်ဖြစ်စေ ပညာသင်ကြားမှုသည် ရပ်တန့်ထား၍ ရစကောင်းသည်မဟုတ်သည့်အပြင် နိုင်ငံရေးအလိုလောဘအတွက် ရင်သွေးတို့၏ အနာဂတ်ကို ချနင်း၍ လှောက်လှမ်းသင့်သည် မဟုတ်ပါကြောင်း။ ။

## ပိဋကသုံးပုံပါဠိတော်ကို ပါဠိ - ရိုမန် စိစစ်တည်းဖြတ်မှု အောင်မြင်ပြီးဆုံးခြင်းအထိမ်းအမှတ်နှင့် တက္ကသိုလ် လေးခုရှိ ဆရာတော်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၁၀**

ပိဋကသုံးပုံပါဠိတော်ကို ပါဠိ - ရိုမန် စိစစ်တည်းဖြတ်မှုအောင်မြင်ပြီးဆုံးခြင်း အထိမ်းအမှတ်နှင့် တက္ကသိုလ် လေးခုရှိ ဆရာတော်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် သီတဂူအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဝိပဿနာတက္ကသိုလ် (စစ်ကိုင်း) သီတဂူ သံဝေဇနိယဓမ္မဗိမာန်တော်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သောဋ္ဌသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော ဆရာတော်ကြီး ၁၈ ပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးက ဂုဏ်ပြုသြဝါဒကထာ ချီးမြှင့်ရာတွင် မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံမှ သံဃာတော်များဖြင့် စုပေါင်းကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာတင် ပါဠိတော်များကို ပြည်ပနိုင်ငံများမှ ပုဂ္ဂိုလ်များ ဖတ်ရှုနိုင်ရေး ရိုမန်အက္ခရာဖြင့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးတွင် ကျောက်စာချပ်များအဖြစ် ရေးထိုးနိုင်ရန် သာသနာ့တက္ကသိုလ်ကြီး လေးခုမှ သံဃာတော်များက စိစစ်တည်းဖြတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါကြောင်း၊ မိမိတို့ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်များမှ သံဃာတော်များသည် တာဝန်ကျသော ကျမ်းစာများကို ခုနစ်ကြိမ်တိုင်တိုင် စိစစ်တည်းဖြတ်ခဲ့ကြပါကြောင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်း စောင့်ရှောက်ရာတွင် တာဝန်ကြီး ၄ ရပ်ဖြစ်သော Preservation of Buddha’s Teaching, Promotion of Buddha’s Teaching, Propagation of Buddha’s Teaching နှင့် Protection of Buddha’s Teaching ဟူ၍ လုပ်ငန်းရပ်ကြီး ၄ ခုဖြင့် အားသွန်ကြိုးပမ်းဆောင်ရွက် သွားကြစေလိုပါကြောင်း၊ ဆက်လက်၍ သာသနာတော်အရှည်တည်တံ့ ထွန်းကားပြန့်ပွားရန်နှင့် ကာကွယ်နိုင်ရန်အတွက် အာသောကမင်းကြီး၏ သာသနာပြုစိတ်ဓာတ်ကို ကိုယ်စားပြုသောအားဖြင့် အာသောကကျောက်တိုင်ကြီးတွင် ထည့်သွင်းထွင်းထုထားသည့် ဆင်ရုပ်ကဲ့သို့ အများအကျိုး ဆောင်ရွက်ရာတွင် အင်အားဖြင့် ဆောင်ရွက်ရန်၊ မြင်းရုပ်ကဲ့သို့ လျင်မြန်ဖျတ်လတ်စွာဆောင်ရွက်ရန်၊ နွားရုပ်ကဲ့သို့ သည်းခံ၍ အလုပ်လုပ်ရန်နှင့် ခြင်္သေ့ရုပ်များကဲ့သို့ သတ္တိရှိစွာဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း မိန့်ကြားသည်။

ထို့နောက် ပိဋကသုံးပုံပါဠိတော်ကို ပါဠိ-ရိုမန် နှစ်ဘာသာဖြင့် ကျောက်စာရေးထိုးရာတွင် ဆဋ္ဌသင်္ဂါယနာမူနှင့် ကိုက်ညီစေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဝမ်းမြောက်စကားလျှောက်ထားရာတွင် ပိဋကသုံးပုံပါဠိတော်ကို ပါဠိ - ရိုမန် နှစ်ဘာသာဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျောက်ထက်အက္ခရာတင်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် စိစစ်တည်းဖြတ်နိုင်ရေး သီတဂူဆရာ တော်ကြီးထံ သြဝါဒခံယူ၍ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာ တက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) နှင့် (မန္တလေး)တို့မှ ဆရာတော်များပါဝင်သည့် အဖွဲ့လေးဖွဲ့ကို ဖွဲ့စည်းပြီး စိစစ်တည်းဖြတ်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၈ ရက်မှ စတင်ကာ မေ ၁၆ ရက်တွင် မျှော်မှန်းသည်ထက်စော၍ ပြီးစီးခဲ့ပါကြောင်း၊ ပိဋကသုံးပုံပါဠိတော်ကို ပါဠိ-ရိုမန် စိစစ်တည်းဖြတ်မှုလုပ်ငန်းများကို မူလတာဝန်များအပြင် စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်တော်မူကြသော သီတဂူဆရာတော်ကြီးအမှူးပြုသည့် နာယကဆရာတော်ကြီးများ၊ တက္ကသိုလ် လေးခုရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်း၊ ဌာနမှူး၊ ကထိက၊ လက်ထောက်ကထိက ဆရာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုယ်စား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနက အထူးပင်ကျေးဇူးတင်ရှိကြောင်း လျှောက်ထားသည်။

ယင်းနောက် အခမ်းအနားသို့ ကြွရောက်တော်မူလာသော ဆရာတော်ကြီးများနှင့် စိစစ်တည်းဖြတ်ရေးအဖွဲ့ လေးဖွဲ့မှ ဆရာတော်ကြီးများထံ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ပုံ)** သီတဂူဆရာတော်ကြီးထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ပန်းတောင်းမြို့နယ်၌ Cash For Work စီမံကိန်း မိတ်ဆက်ရှင်းလင်းပြီး ကော်မတီဖွဲ့စည်း

**ကျောက်ပန်းတောင်း ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်ရောဂါကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝထိခိုက်မှုကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Cash For Work စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၀ ရက်က လက်ပံပင်ကျေးရွာအုပ်စု မြေစွန်းကျေးရွာ၌ ပြုလုပ်သည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးတင်ကိုလတ်က စီမံကိန်းအကြောင်းအရာများ၊ လုပ်ငန်းစဉ်များနှင့် ကျေးရွာကော်မတီဝင်ရွေးချယ်ရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကိုဗစ်-၁၉ ရောဂါနှင့် အခြားသောဘေးအန္တရာယ်များ၏ အကျိုးဆက်များ ခံစားရသော မြေစွန်းကျေးရွာရှိ ပြည်သူများအတွက် စီမံကိန်းငွေ ကျပ် ၁၀ သိန်း ထောက်ပံ့ပေးသည်။ ကျေးရွာ၏ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ/ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်းဖြင့် ဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သော စီမံကိန်းဖြစ်ကြောင်း သိရသည်။

**ကိုပြည့်(ကျေးလက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

## ❒ ထူးချွန်ခြင်း၊ ကျွမ်းကျင်ခြင်းသည် တာဝန်တစ်ခု၊ နယ်ပယ်တစ်ခု အတွက်သာဖြစ်ပြီး ဘက်ပေါင်းစုံမှ တွေးခေါ်မြော်မြင်မှုကောင်း စွာဖြင့် ဆောင်ရွက်တတ်ခြင်းသည် ခေါင်းဆောင်မှုကောင်းခြင်း ဖြစ်

## ❒ ယင်းသို့ဖြစ်ရန် မိမိကိုယ်တိုင် လေ့လာအားထုတ်မှုပြုရမည်ဖြစ်

❖ *ရှေ့ဖုံးမှ*

ဦးစွာ တာဝန်ရှိသူတစ်ဦးက တပ်ဌာနချုပ် သမိုင်းအကျဉ်း၊ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး ၄ ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒေသခံပြည်သူများအား ကျန်းမာရေးအပါအဝင် အခြားလိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြောင်းလုံခြုံရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပြန်လည်မှာကြားသည်။

### ရေကြောင်းသွားလာမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရေး စနစ်တကျဖြင့် ကွပ်ကဲကြပ်မတ်ရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် ရေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရေး စနစ်တကျဖြင့် ကွပ်ကဲကြပ်မတ်ရမည်ဖြစ်သကဲ့သို့ စည်းကမ်းချိုးဖောက်သည့် ရေယာဉ်များ၊ သင်္ဘောများ မရှိစေရေး ဆောင်ရွက်ရန်နှင့် တရားမဝင်ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားသယ်ဆောင်နေမှုများ မရှိစေရေး တားဆီးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### ခေါင်းဆောင်မှုအခန်းကဏ္ဍ

တပ်ဌာနချုပ်တစ်ခု၏ ကောင်းခြင်း၊ မကောင်းခြင်းသည် ယင်းတပ်ကို ဦးဆောင်ရသည့် ဦးစီးခေါင်းဆောင်များနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိပြီး ခေါင်းဆောင်မှုကောင်းစွာဖြင့် ကွပ်ကဲအုပ်ချုပ်နိုင်မှသာလျှင် တပ်ကောင်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိ၏ခေါင်းဆောင်မှုကို မြှင့်တင်နိုင်ရေးအတွက် ထိုးထွင်းတီထွင်ကြံဆလုပ်ဆောင်နိုင်မှုနှင့် ခေါင်းဆောင်ကောင်းတစ်ယောက်နှင့်လျော်ညီစွာ နေထိုင်ပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုတို့သည်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်မှသာလျှင် လုပ်ဆောင်ပြုမူ ပြောဆိုချက်များသည်လည်း ကောင်းမွန်မည်ဖြစ်ကြောင်းနှင့် မိမိကွပ်ကဲအုပ်ချုပ်ရသူများ၏ စိတ်နေသဘောထားနှင့် လုပ်ဆောင်နိုင်စွမ်းများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း သိရှိအောင်ဆောင်ရွက်ရန်လိုပြီး ထိုသို့သိရှိနေမှသာလျှင် လူမှန်နေရာမှန်နေရာချထား၍ ကွပ်ကဲအုပ်ချုပ်နိုင်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင် စနစ်တကျ နေထိုင်သွားလာတတ်မှုနှင့် မိမိတာဝန်ယူရသည့် တပ်ဌာနချုပ်ကို ကောင်းမွန်အောင် ကွပ်ကဲအုပ်ချုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး နေ့စဉ်လုပ်ဆောင်ရမည့် တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် လုပ်ဆောင်နေရမည်ဖြစ်ကြောင်း။

### စည်းကမ်းစနစ်တကျရှိသည့် တပ်မတော်တည်ဆောက်ရမည်

မိမိကွပ်ကဲအုပ်ချုပ်ရသည့် အရာရှိ၊ စစ်သည်များကို စည်းကမ်းတကျနေထိုင် ပြောဆိုတတ်စေရန် ကြပ်မတ်ဆောင်ရွက်စေခြင်းသည် လေ့ကျင့်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်စေခြင်းဖြင့် စစ်သည်တစ်ဦးချင်းမှသည် တပ်တစ်တပ်ချင်းအလိုက် ယင်းမှတစ်ဆင့် စည်းကမ်းစနစ်တကျရှိသည့် တပ်မတော်ကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဦးစီးခေါင်းဆောင်များအနေဖြင့် ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ်ဆောင်ရွက်၍ ကွပ်ကဲအုပ်ချုပ်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သော ကွပ်ကဲအုပ်ချုပ်မှုများဖြင့် စည်းကမ်းစနစ်တကျရှိနေရမည်ဖြစ်ပြီး လုပ်ငန်းစဉ်များအားလုံးကို အဆင့်အလိုက် မှန်မှန်ကန်ကန် ဖြစ်နေရမည်ဖြစ်ကြောင်း၊ **ထူးချွန်ခြင်း၊ ကျွမ်းကျင်ခြင်းသည် တာဝန်တစ်ခု၊ နယ်ပယ်တစ်ခုအတွက်သာဖြစ်ပြီး ဘက်ပေါင်းစုံမှ တွေးခေါ်မြော်မြင်မှုကောင်းစွာဖြင့် ဆောင်ရွက်တတ်ခြင်းသည် ခေါင်းဆောင်မှုကောင်းခြင်းဖြစ်ကြောင်း၊ ယင်းသို့ဖြစ်ရန် မိမိကိုယ်တိုင် လေ့လာအားထုတ်မှုပြုရမည်ဖြစ်ကြောင်း**၊ မိမိတို့တာဝန်ယူဆောင်ရွက်နေရသည့် တပ်များကို စနစ်တကျဖြင့် ကွပ်ကဲအုပ်ချုပ်နိုင်ရန်နှင့် တပ်တစ်တပ်ချင်းမှအစပြု၍ စည်းကမ်းစနစ်တကျရှိပြီး အမိန့်နာခံမှုအားကောင်းသည့် တပ်မတော်ဖြစ်စေရေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများသည် ယနေ့ မွန်းလွဲပိုင်း၌ အသက် ၅ နှစ်မှ ၁၂ နှစ်ကြား ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုများ ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော အသက် ၅ နှစ်မှ ၁၂ နှစ်ကြား KG မှ Gread(6)အထိ ကျောင်းသား ကျောင်းသူ ၅၆၆ ဦးတို့ကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် အမှတ် (၂၄) အခြေခံပညာမူလတန်းကျောင်းတွင် KG မှ Gread (6)အထိ ကျောင်းသား ကျောင်းသူ ၁၁၁ ဦးတို့ကို လည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်၊ သူနာပြုများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ထိုးနှံပေးနေမှုများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေမှုများကို ကြည့်ရှု၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာဝန်၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ကျောင်းနှစ်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများကို ကျောင်းအုပ်ဆရာမကြီးများထံ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်က ကျောင်းအုပ်ကြီးများအား ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာမှုရှိရေးနှင့် မိုးတွင်းကာလတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းရောဂါနှင့် ဆက်စပ်ရောဂါများ မဖြစ်ရအောင် ကြိုတင်ကာကွယ်ထားရှိရေးများ၊ ကျောင်းသုံးပရိဘောဂများ ပြည့်စုံစွာရှိရေးနှင့် လိုအပ်သည်များကို မှာကြားသည်။



အရှေ့ပိုင်းခရိုင်တွင် ကျောင်းပေါင်း ၁၉ ကျောင်းမှ ၆၈၄၅ ဦး၊ တောင်ပိုင်းခရိုင်တွင် ကျောင်းပေါင်း ၁၀၅ ကျောင်းမှ ၁၀၆၂၄ ဦး၊ အနောက်ပိုင်းခရိုင်တွင် ကျောင်းပေါင်း ၁၆ ကျောင်းမှ ၁၈၆၉ ဦး၊ မြောက်ပိုင်းခရိုင်တွင် ကျောင်းပေါင်း ၈၃ ကျောင်းမှ ၁၃၆၃၃ ဦး စုစုပေါင်း ကျောင်းပေါင်း ၂၂၃ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၂၉၇၁ ဦးတို့ကို ဆေးထိုးနှံပေးပြီးဖြစ်သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် ဇွန် ၁၀**

မြန်မာ့ရိုးရာ ခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်လာ စေရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၂ခုနှစ်တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာခြင်းလုံး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်းကို ပြည်သူလူထုအတွင်း တစ်နှစ်ထက်တစ်နှစ် စိမ့်ဝင်တိုးတက်လာစေပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ် တစ်ရပ်အဖြစ် ထိန်းသိမ်းမြှင့်တင်ရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်လာစေရေးအတွက် ယခုကဲ့သို့ ပြိုင်ပွဲများကို ကျင်းပပေးခြင်း ဖြစ်ကြောင်း၊ ခြင်းလုံးခတ် ကစားခြင်းသည် မြန်မာ့ယဉ်ကျေးမှုကို အခြေခံသည့် ရိုးရာအားကစားနည်းဖြစ်ကြောင်း၊ ပြည်သူများ လက်လှမ်းမီပြီး လွယ်ကူစွာ ကစားနိုင်သော အားကစားနည်းဖြစ်သည့်အပြင် ကျန်းမာရေးအတွက်များစွာ အထောက်အကူပြုကြောင်း၊ **"အပေးအယူ ချစ်ကြည်ဖြူ ခြင်းမူ စာဂ မှုစိတ္တ"**ဆိုသည့် ခြင်းလုံးအားကစား ဆောင်ပုဒ်အတိုင်း ခြင်းလုံးအားကစားနည်းသည် ခြင်းဝိုင်းအတွင်း ကစားသူအချင်းချင်း အပေးအယူမျှတသည့်စိတ်၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြည်ဖြူသည့် စိတ်၊ တရားမျှတသည့်စိတ်များ မွေးမြူဖော်ဆောင်၍ ကစားရသည့် အားကစားနည်းတစ်ခုလည်း ဖြစ်ကြောင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်း အောင်မြင်မှုရရှိစေရန်အတွက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားသမားများအနေဖြင့် ဆတက်ထမ်းပိုးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုပြိုင်ပွဲမှ တစ်ဆင့် ချစ်ကြည်ပူးပေါင်းမှုရရှိကာ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်မြင့်မားရေး၊ အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ခြင်းလုံးအားကစား ပိုမိုရှင်သန် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထူးချွန်သော ရိုးရာခြင်းလုံး အားကစားသမားများ ပေါ်ပေါက်လာစေရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင် သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ဝိုင်းဖွဲ့ခြင်းလုံးခတ်(အမျိုးသမီး) ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအသင်း ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအသင်း ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ သရုပ်ပြခြင်းလုံးခတ် ကစားနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာခြင်းလုံးပြိုင်ပွဲကို ဇွန် ၁၀ ရက်မှ ၁၃ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသွားမည်ဖြစ်ပြီး ရိုးရာခြင်းလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးဆောင်ရွက်သည့် ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၀**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးဆောင်ရွက်သည့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌနှင့် ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းခိုင်ဦး(ပခုက္ကူမြို့ကိုယ်စားလှယ်)နှင့် ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့်အဖွဲ့ဝင်များ၊ စာပေဗိမာန် စာတည်းမှူးချုပ် ဦးတိုးကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အမှာစကားပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ရန်ပုံငွေ အခြေအနေနှင့် ၂၀၂၀ ပြည့်နှစ်အတွက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ဆွေးနွေးညှိနှိုင်းကြပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးအချို့ ကျောင်းအပ်နှံရန် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်

**ကော့သောင်း ဇွန် ၁၀**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဂိတ်များပြန်လည်ဖွင့်လှစ်အပြီးတွင် မြန်မာနိုင်ငံ ကော့သောင်းမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံ ပညာသင်ကြားနိုင်ရန်အတွက် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သား/သမီး ကျောင်းနေအရွယ် ကလေးငယ်တချို့ ယခု ရက်ပိုင်းတွင် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် ပြန်လည်ဝင်ရောက်မှုများရှိကြောင်း သိရသည်။

မြန်မာ-ထိုင်းနယ်စပ် ထိုင်းနိုင်ငံ ရနောင်းဒေသတစ်ဝိုက် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မိဘများနှင့်အတူ လိုက်ပါနေထိုင်လျက်ရှိသည့် ကျောင်းနေအရွယ် မြန်မာကလေးငယ်များမှာ ကျောင်းများပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည့် မြန်မာနိုင်ငံ၏ အခြေခံပညာကျောင်းများတွင် ကျောင်းဖွင့်ရာသီအမီ ကျောင်းအပ်နှံတက်ရောက်ရန်အတွက် ပြန်လာနေခြင်းဖြစ်ပြီး အလားတူ ကျောင်းအပ်နှံလိုသည့် မြန်မာအလုပ်သမားမိသားစုများလည်း ရနောင်းမြို့တွင် အမြောက်အမြားရှိနေကြောင်း ဒေသသတင်းများအရ သိရသည်။

ထိုင်းနိုင်ငံ ရနောင်းဒေသမှ တာဝန်ရှိသူများအနေဖြင့်လည်း ၎င်းတို့၏ နိုင်ငံအတွင်း ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ၏ ရင်သွေးကျောင်းနေအရွယ်ကလေးငယ်များ မြန်မာနိုင်ငံတွင် ကျောင်းတက်ရောက်ရန် ပြန်လည်ထွက်ခွာမည်ဆိုပါက နယ်စပ်စစ်ဆေးရေးဂိတ်များတွင် တားမြစ်စစ်ဆေးမှုများမပြုဘဲ ခွင့်ပြုပေးသွားမည် ဖြစ်ကြောင်း၊ နယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်ပေးလျက်ရှိသည့် ကူးတို့ပွဲချိတ်စက်လှေ လုပ်သားများအနေဖြင့်လည်း အခမဲ့ကူညီပို့ဆောင်ပေးရန် အဆင်သင့်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# မော်လမြိုင် အဝေးပြေးယာဉ်ရပ်နားစခန်း၌ စည်းကမ်းနှင့်အညီ အဝေးပြေးယာဉ်များပြေးဆွဲရေး ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဇွန် ၁၀**

မွန်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင် အဝေးပြေးယာဉ်ရပ်နားစခန်း၌ မော်တော်ယာဉ်လိုင်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုအခြေအနေများ၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့်အုပ်ချုပ်မှု လျော့နည်းဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးတို့အတွက် အလေးထားဆောင်ရွက်မှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။



ထို့နောက် မြို့နယ်အသီးသီးတို့၏ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းကြီးကြပ်မှု ကော်မတီများနှင့်တွေ့ဆုံပြီး မွန်ပြည်နယ် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ စစ်ဆေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မော်တော်ယဉ်များပြေးဆွဲနေမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ အခွန်ကောက်ခံရရှိမှုအခြေအနေများ၊ မြေယာအသုံးပြုမှုအခြေအနေများ၊ သက်ဆိုင်ရာ မော်တော်ယာဉ်လိုင်းများအလိုက် ကြီးကြပ်ဆောင်ရွက်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးမှူးတို့က မော်တော်ယာဉ်ဂိတ်များ၌ လုံခြုံရေးအတွက် စီမံပြင်ဆင်ထားရန် လိုအပ်မှုများ၊ တန်ဆာပစ္စည်းများ လက်ခံမှု/ ထုတ်ပေးမှုများတွင် လုံခြုံရေးအသိ လုံခြုံရေး သတိဖြင့် ဆောင်ရွက်ရန် လိုအပ်မှုများ၊ ခရီးသွားပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကိုင်ဆောင်စီးနင်းရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မှုများ၊ တရားမဝင်နယ်စပ်ဖြတ်ကျော်သွားလာမှုများမရှိစေရေးအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်မှုများ၊ ကူးစက်ရောဂါများပျံ့နှံ့မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ပြုလုပ်ဆောင်ရွက်ရန်လိုအပ်မှုများအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီများအနေဖြင့် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မြို့နယ်များအလိုက် ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများအနေဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းများ ပျက်ကွက်ပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်များမောင်းနှင်သွားလာမှုနှင့် စပ်လျဉ်း၍ လုံခြုံမှုနှင့် စနစ်ကျနမှုရှိရန် လိုအပ်ကြောင်း၊ စည်းကမ်းတကျမောင်းနှင်သွားလာမှုရှိစေရေးနှင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို အထူးအလေးထားလိုက်နာဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပြည်နယ်ကော်မတီအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်းပြောကြားပြီး မြို့နယ်ကြီးကြပ်မှုကော်မတီများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့် ခရိုင်(ပြန်/ဆက်)**

# မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းဗိုလ်လုပွဲ ဓာတုဗေဒအသင်းနှင့် မြန်မာစာအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်

**မြိတ် ဇွန် ၁၀**

မြိတ်တက္ကသိုလ်တွင် ကျောင်းသားကျောင်းသူများအား တက္ကသိုလ်ပညာရပ်များအပြင် ကာယ/ဉာဏဖွံ့ဖြိုး တိုးတက်စေရေးအတွက် အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၉ ရက် ညနေပိုင်းက တက္ကသိုလ်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပရာ ဓာတုဗေဒအသင်းနှင့် မြန်မာစာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပြိုင်ပွဲကို တက္ကသိုလ်ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြည့်ရှုအားပေးကြပြီး ဓာတုဗေဒအသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပြိုင်ပွဲတစ်လျှောက် တာဝန်ယူဆောင်ရွက်ပေးကြသည့် ဒိုင်လူကြီးများအား အမှတ်တရလက်ဆောင်၊ နှစ်ယောက်တွဲ ပြိုင်ပွဲနှင့် သုံးယောက်တွဲ ပြိုင်ပွဲတို့တွင် တတိယ၊ ဒုတိယနှင့် ပထမရရှိကြသောအသင်းများမှ အားကစားသမားများအား လည်ဆွဲဆု၊ အကောင်းဆုံး အားကစားသမားဆုများကို ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသော ပထဝီဝင်အသင်းနှင့် သုံးယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသော ဓာတုဗေဒအသင်းတို့အား တံခွန်စိုက်ဆုဖလားတို့ကို ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက ပေးအပ်ချီးမြှင့်သည်။ အဆိုပါ နှစ်ယောက်တွဲပြိုင်ပွဲနှင့် သုံးယောက်တွဲ ပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းစီ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို ဇွန် ၇ ရက်မှ ၉ ရက်ထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ခိုင်ထူး**

**(မြိတ် ပြန်/ဆက်)**






# တပ်ကုန်းမြို့နယ်၌ တောင်သူများအား မျိုးစပါးထောက်ပံ့ပေးအပ်ပွဲကျင်းပ

**တပ်ကုန်း ဇွန် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးစီးဌာနဌာန ဦးစီးမှူးရုံးမှ တောင်သူများအား မျိုးစပါးထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်က တပ်ကုန်းမြို့နယ်အတွင်းရှိလယ်ယာမြေများတွင် စိုက်ပျိုးမြေအားလုံး စိုက်ပျိုးနိုင်ရေး သီးထပ်သီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရေး၊ တောင်သူများ လိုအပ်သည့် သွင်းအားစုများ ထောက်ပံ့ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဦးမျိုးနိုင်က မျိုးစပါး ထောက်ပံ့ပေးအပ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ တောင်သူများအတွက် တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် ဧက ၃၃၀ အတွက် မျိုးစပါးများ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာရှိ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာသို့ သွားရောက်ပြီး ကျေးရွာအုပ်စုရှစ်အုပ်စုမှ တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးပြီး သက်ဆိုင်ရာ ဌာန၊ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခြင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၁၀**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၄ ဒသမ ဖ၄ လက်မ၊ မာန်အောင်မြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ မိုးကောင်းမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ခန္တီးမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ကျိုက်ဒုံမြို့နှင့် လောင်းလုံးမြို့တွင် ၁ ဒသမ ၇၆ လက်မစီ၊ မုဒုံမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၁ ဒသမ ၅၇ လက်မစီ၊ ဖြူးမြို့တွင် ၁ ဒသမ ၄၂ လက်မနှင့် ကျောက်ဖြူမြို့တွင် ၁ ဒသမ ၃၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ရန်ကုန်မြို့ရှိ အမေရိကန်သံအမတ်ကြီးထံသို့ မြန်မာပြည်သူတစ်ဦး၏အိတ်ဖွင့်ပေးစာ

*မြန်မာနိုင်ငံသားတစ်ဦး*

ကျွန်တော်ကတော့ မြန်မာပြည်သူတစ်ဦးပါ။ US-ASEAN ၏ ပြောရေးဆိုခွင့်ရှိသူ Mr. Jason Seymour နှင့် သံအမတ်ကြီးတို့ရဲ့ ပြောကြားချက် ဗီဒီယိုဖိုင်ကို မြင်တွေ့ခဲ့ရပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေးကိစ္စမှာ အမေရိကန်နိုင်ငံရဲ့ ရပ်တည်ဆောင်ရွက်ချက်တွေက လမ်းကြောင်းလွဲနေပြီး မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတွေ ပိုမိုဖြစ်ပွားအောင် လုပ်နေတယ်လို့ ခံစားရတဲ့ ပြည်သူတစ်ယောက်အနေနဲ့ စာရေးသား ပေးပို့ရခြင်း ဖြစ်ပါတယ်။ ယခုစာဟာ မိမိရဲ့ပုဂ္ဂိုလ်ရေးအမြင်သာ ဖြစ်ပါတယ်။

လက်ရှိ နိုင်ငံအတွင်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဆန့်ကျင်နေတာ NUG၊ PDF နဲ့ အကြမ်းဖက်အုပ်စုတွေသာဖြစ်ပြီး မြန်မာပြည်သူအားလုံး မဟုတ်ပါဘူး။ ပြည်သူအများစုလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မယိမ်းယိုင်အောင် ထိန်းကျောင်းပေးနေတာ မိမိတို့ပြည်သူအများစုက နားလည်ကြသလို လက်ရှိအချိန်မှာ ပြည်သူအများစုဟာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုကိုသာ လိုလားနေတယ်ဆိုတာကိုလည်း သိစေလိုပါတယ်။

**အကြမ်းဖက်ဝါဒကို အားပေးနေ**

"ဘုံသဘောတူညီချက် ၅ ရပ်ကို သိသာထင်ရှားတဲ့ တိုးတက်ပြောင်းလဲမှုတွေ လုပ်ဆောင်ဖို့ ပျက်ကွက်ခဲ့လို့" ဆိုပြီး အကြောင်းရှာကာ အာဆီယံထိပ်သီးအစည်းအဝေးတွေမှာ နိုင်ငံရေးနဲ့ဆိုင်တဲ့ ပုဂ္ဂိုလ်မတက်ရဘူးဆိုပြီး ကန့်သတ်နေတာထက် လက်ရှိ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတွေ ရပ်တန့်ဖို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးစစ်ဆင်ရေးတွေနဲ့ တည်ငြိမ်အေးချမ်းအောင် အတတ်နိုင်ဆုံး ကြိုးစားနေတာကို အသိအမှတ်ပြုသင့်ပါတယ်။ ဒါဆိုဘာလို့ အကြမ်းဖက်မှုတွေ ဆက်ဖြစ်နေတာလဲ ဆိုရင်တော့ ယခုလိုအကြမ်းဖက်မှုတွေကို ထောက်ပံ့အားပေးနေတဲ့သူတွေ ရှိနေလို့ပဲ ဖြစ်ပါတယ်။ NUG၊ PDF အဖွဲ့တွေရဲ့ လုပ်ရပ်တွေက ဘယ်နိုင်ငံမှာမှ လက်မခံနိုင်တဲ့ အကြမ်းဖက်လုပ်ရပ်တွေဆိုတာ ဘယ်လိုမှ ငြင်းလို့မရနိုင်ပါဘူး။ အဲဒီလို အကြမ်းဖက်လုပ်တဲ့အဖွဲ့တွေနဲ့ ထိတွေ့ဆက်ဆံနေတာဟာ အကြမ်းဖက်ဝါဒကို အားပေးနေခြင်းလို့ပဲ မြင်ပါတယ်။

နောက်တစ်ချက်က ဘုံသဘောတူညီချက် ၅ ရပ်ကို အကောင်အထည်ဖော်တဲ့နေရာမှာလည်း လက်ရှိ အစိုးရအနေနဲ့ အကြမ်းဖက်မှုတွေ ရပ်တန့်ပြီး တည်ငြိမ်အေးချမ်းအောင် လုပ်ဆောင်နေတာ၊ အကြမ်းဖက်မှုကျူးလွန်သူ၊ လှုံ့ဆော်သူတွေကလွဲလို့ အခြား ပြစ်မှုကျူးလွန်ထားသူတွေကို ပြစ်ဒဏ်မှလျှော့ချပေးတာ၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးတာ၊ အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီတွေရယူရေးတို့မှာ ပူးပေါင်းဆောင်ရွက်နေတာတွေရှိပါတယ်။ ဒါတွေကို မျက်ကွယ်ပြုပြီး သံအမတ်ကြီးတို့ တွေ့စေချင်တဲ့သူကို မတွေ့ရတာနဲ့ ဘာမှဖြစ်ပေါ်တိုးတက်မှုမရှိဘူးဆိုပြီး ပြောဆိုတာတွေကလဲ ကိုယ်လိုရာဆွဲပြောပြီး အနိုင်ကျင့်ဖိအားပေးသလို ဖြစ်နေပါတယ်။

**မီးစာထိုးပေးသလို ဖြစ်နေ**

ဒါ့အပြင် ဘက်လိုက်ရေးတတ်တဲ့ မီဒီယာတွေရဲ့ ရေးသားဖော်ပြချက်တွေကို ကြည့်ပြီး NUG၊ PDF တို့ကို ပြည်သူတစ်ရပ်လုံးက ထောက်ခံနေတဲ့ပုံစံနဲ့ ပုံဖော်ပြီး ထိတွေ့ဆက်ဆံပြတာ၊ နိုင်ငံတကာမှာ သူတို့ရဲ့ပုံရိပ်ကို မြှင့်တင်ပေးဖို့ ကြိုးစားနေတာတွေကလည်း အကြမ်းဖက်မှု လုပ်ဆောင်နေသူတွေကို ကာကွယ်ပေးသလိုဖြစ်ပြီး မြန်မာနိုင်ငံအတွင်းမှာ အကြမ်းဖက်မှုတွေ ပိုမိုဖြစ်ပေါ်လာဖို့ မီးစာထိုးပေးသလို ဖြစ်နေတယ်ဆိုတာ ပြောချင်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ NUG၊ PDF နဲ့ NLD အစွန်းရောက်တွေဟာ သူတို့ကို မထောက်ခံလို့၊ သူတို့နဲ့မပူးပေါင်းလို့ဆိုပြီး သာမန်အပြစ်မဲ့ပြည်သူတွေကို ရက်ရက်စက်စက်သတ်ဖြတ်တာ၊ ဖိုးခွဲတာ၊ မီးရှို့တာတွေကဲ့သို့ အကြမ်းဖက် တိုက်ခိုက်မှုပေါင်း ၇၀၀၀ ကျော် ကျူးလွန်ခဲ့ပြီး လူပေါင်း ၃၀၀၀ နီးပါး သေဆုံးခဲ့ရပါတယ်။ အဲဒီ အရေအတွက်ဟာ သာမန်အရပ်သားပြည်သူတွေ သက်သက်သာဖြစ်ပါတယ်။ NUG နဲ့ PDF တွေကို ပြည်သူတစ်ရပ်လုံးက အမှန်တကယ်ထောက်ခံပါတယ်ဆိုရင် ဒီလို အကြမ်းဖက်မှုတွေ၊ သေဆုံးမှုတွေ ရှိလာစရာအကြောင်း မရှိဘူးဆိုတာ အင်မတန်သိသာထင်ရှားပါတယ်။ သူတို့ကိုမထောက်ခံတဲ့သူ၊ သူတို့နဲ့ အမြင်မတူတဲ့သူတွေရှိနေလို့သာ ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့စိတ်နဲ့ ကိုယ့်ကိုမထောက်ခံတဲ့သူတွေရဲ့အသံ မထွက်ရဲအောင် ဥပဒေမဲ့အကြမ်းဖက်တိုက်ခိုက်၊ သတ်ဖြတ်ပြီး တစ်နိုင်ငံလုံးကို ဖျက်ဆီးဖို့ လုပ်နေကြတာ ဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*

❒ လက်ရှိ နိုင်ငံအတွင်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆန့်ကျင်နေတာ NUG၊ PDF နဲ့ အကြမ်းဖက်အုပ်စုတွေသာဖြစ်ပြီး မြန်မာပြည်သူအားလုံး မဟုတ်ပါဘူး။ ပြည်သူအများစု လိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မယိမ်းယိုင်အောင် ထိန်းကျောင်းပေးနေတာ မိမိတို့ ပြည်သူအများစုက နားလည်ကြသလို လက်ရှိအချိန်မှာ ပြည်သူအများစုဟာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုကိုသာလိုလားနေတယ်ဆိုတာကိုလည်း သိစေလိုပါတယ်

**NUG, PDF တို့၏ အပြစ်မဲ့ပြည်သူများအပေါ် ဒလန်ဟုစွပ်စွဲသတ်ဖြတ်မှုများ (၁ ဖေ ၂၀၂၁ - ၁၅ မေ ၂၀၂၂)**

| တိုင်း/ပြည်နယ် | အပြစ်မဲ့ပြည်သူ(ဒဏ်ရာရ) | အပြစ်မဲ့ပြည်သူ(သေဆုံး) |
|---|---|---|
| နေပြည်တော် | ၁၆ | ၁၂ |
| ကချင် | ၆၅ | ၇၄ |
| ကယား | ၂ | ၁၂ |
| ကရင် | ၄၁ | ၃၆ |
| ချင်း | ၁၆ | ၂၀ |
| မွန် | ၁၁၂ | ၈၆ |
| ရခိုင် | ၁ | ၂ |
| ရှမ်း | ၁၄၁ | ၈၅ |
| ပဲခူး | ၁၂၉ | ၁၄၂ |
| စစ်ကိုင်း | ၅၂၁ | ၁၀၁၉ |
| မကွေး | ၁၅၀ | ၃၄၄ |
| မန္တလေး | ၃၉၅ | ၃၈၀ |
| တနင်္သာရီ | ၈၃ | ၁၂၅ |
| ရန်ကုန် | ၃၈၉ | ၄၁၁ |
| ဧရာဝတီ | ၆၃ | ၄၈ |
| စုစုပေါင်း | ၂၁၂၄ ဦး | ၂၇၉၆ ဦး |

**NUG, PDF တို့၏ တိုက်ခိုက်မှုကြောင့် ရဟန်းသံဃာများနှင့် သီလရှင်များ ဒဏ်ရာရ/သေဆုံးစာရင်း (၁ ဖေ ၂၀၂၁ - ၁၅ မေ ၂၀၂၂)**

| တိုင်း/ပြည်နယ် | ဒဏ်ရာရသံဃာ | ဒဏ်ရာရသီလရှင် | စုစုပေါင်း | သေဆုံးသံဃာ | သေဆုံးသီလရှင် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ကချင် | ၁ | - | ၁ | ၂ | - | ၂ |
| ကရင် | ၁ | - | ၁ | - | - | - |
| ချင်း | - | - | - | ၁ | - | ၁ |
| စစ်ကိုင်း | ၈ | ၁ | ၉ | ၂၆ | - | ၂၆ |
| မကွေး | ၂ | - | ၂ | ၇ | ၁ | ၈ |
| မန္တလေး | ၂ | - | ၂ | ၈ | - | ၈ |
| ရှမ်း | ၁ | - | ၁ | - | - | - |
| ရန်ကုန် | - | - | - | ၁ | - | ၁ |
| ဧရာဝတီ | ၁ | - | ၁ | - | - | - |
| ပဲခူး | ၂ | - | ၂ | ၁ | - | ၁ |
| မွန် | ၂ | - | ၂ | ၂ | - | ၂ |
| စုစုပေါင်း | ၂၀ | ၁ | ၂၁ | ၄၈ | ၁ | ၄၉ |

**NUG, PDF တို့၏ ကိုဗစ်စင်တာများအား အကြမ်းဖက်တိုက်ခိုက်မှု (၁ ဖေ ၂၀၂၁ - ၁၅ မေ ၂၀၂၂)**

| တိုင်း/ပြည်နယ် | တိုက်ခိုက်မှု | ဒဏ်ရာရ | သေဆုံး |
|---|---|---|---|
| ကချင် | ၄ ကြိမ် | - | - |
| ကရင် | ၁ ကြိမ် | ၁ | - |
| ချင်း | ၁ ကြိမ် | - | - |
| စစ်ကိုင်း | ၈ ကြိမ် | ၁၃ | ၃ |
| တနင်္သာရီ | ၁ ကြိမ် | ၁ | ၁ |
| ပဲခူး | ၂ ကြိမ် | ၁ | - |
| မကွေး | ၂ ကြိမ် | ၁ | ၁ |
| မန္တလေး | ၆ ကြိမ် | ၃ | ၆ |
| မွန် | ၁ ကြိမ် | - | - |
| ရန်ကုန် | ၄ ကြိမ် | ၅ | ၁ |
| ရှမ်း | ၃ ကြိမ် | ၃ | ၃ |
| ဧရာဝတီ | ၄ ကြိမ် | ၅ | ၁ |
| စုစုပေါင်း | ၃၇ ကြိမ် | ၃၃ | ၁၆ |

- ဘက်လိုက်ရေးတတ်တဲ့ မီဒီယာတွေရဲ့ ရေးသားဖော်ပြချက်တွေကို ကြည့်ပြီး NUG၊ PDF တို့ကို ပြည်သူတစ်ရပ်လုံးက ထောက်ခံနေတဲ့ပုံစံနဲ့ ပုံဖော်ပြီး ထိတွေ့ဆက်ဆံပြတာ၊ နိုင်ငံတကာမှာ သူတို့ရဲ့ပုံရိပ်ကို မြှင့်တင်ပေးဖို့ ကြိုးစားနေတာတွေကလည်း အကြမ်းဖက်မှုလုပ်ဆောင်နေသူတွေကို ကာကွယ်ပေးသလိုဖြစ်ပြီး မြန်မာနိုင်ငံအတွင်းမှာ အကြမ်းဖက်မှုတွေ ပိုမိုဖြစ်ပေါ်လာဖို့ မီးစာထိုးပေးသလို ဖြစ်နေ
- မြန်မာနိုင်ငံမှာ အမှန်တကယ်ဒီမိုကရေစီရရှိစေချင်တယ်၊ မြန်မာပြည်သူလူထုတွေကို တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံတဲ့ဘဝတွေ ရရှိစေချင်တယ်ဆိုရင်တော့ လက်ရှိဖြစ်ပေါ်နေတဲ့ အရှိတရားတွေကို ဘက်လိုက်မှုကင်းစွာနဲ့ မြင်အောင်ကြည့်ပြီး အကြမ်းဖက်မှုတွေကို ဆက်လက်မဖြစ်ပေါ်အောင် စစ်မှန်တဲ့ စေတနာနဲ့သာ ရပ်တည်ပေးပါလို့ တည်ငြိမ်အေးချမ်းမှုကိုလိုလားတဲ့ ပြည်သူတစ်ယောက်အနေနဲ့ တောင်းဆိုလိုက်ပါတယ်

*စာမျက်နှာ ၆ မှ*

သံအမတ်ကြီးပြောခဲ့တဲ့ **"မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူပိတ်ဆို့မှုတွေဟာ ပစ်မှတ်ထားသူတွေကိုသာ သက်ရောက်စေတာဖြစ်ပြီး မြန်မာပြည်သူတွေအပေါ် မလိုလားအပ်တဲ့ သက်ရောက်မှုတွေမဖြစ်စေဖို့ အလေးထားဆောင်ရွက်နေတယ်"** ဆိုတာ တကယ်ကော မှန်ကန်မှုရှိပါရဲ့လား။ မြန်မာနိုင်ငံမှာလည်း ခေတ်အဆက်ဆက် ပိတ်ဆို့မှုတွေ လုပ်ခဲ့လို့ အစိုးရပြုတ်ကျသွားတယ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ အခုလည်း စစ်တပ်နဲ့ သူတို့ကို ပံ့ပိုးကူညီနေသူတွေကို ပစ်မှတ်ထား ပိတ်ဆို့တယ်လို့ ပြောနေပေမယ့် အမှန်တကယ်မှာတော့ ပိတ်ဆို့အရေးယူမှုတွေကြောင့် စီးပွားရေးကျပ်တည်းမှုကို အမှန်တကယ်ခံစားရတာ မိမိတို့လို သာမန်ပြည်သူလူထုကိုယ်တိုင်ပဲ ဖြစ်ပါတယ်။

**အနာဂတ်ကို ဝိုင်းဖျက်ဆီးနေ**

သံအမတ်ကြီးက "မြန်မာနိုင်ငံထဲမှာ ဒီမိုကရေစီလှုပ်ရှားမှုတွေကို ဦးဆောင်နေတာ Gen-Z လို့ခေါ်တဲ့ လူငယ်မျိုးဆက်တွေ" လို့ ပြောသွားသေးတယ်။ ဒီလိုသာဆို သံအမတ်ကြီးတို့နဲ့ ဆက်သွယ်ဆောင်ရွက်နေတဲ့ NUG အပါအဝင် နိုင်ငံရေးလှုပ်ရှားမှုတွေကို အဓိက ကြိုးကိုင်နေတဲ့ထဲမှာ Gen-Z ဆိုတာ ဘယ်နှယောက်များရှိလို့လဲ။ လက်ရှိဖြစ်နေတဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို အဓိက ကြိုးကိုင်ခြယ်လှယ်နေတဲ့သူတွေက ပြည်တွင်းမှာရှိတဲ့ Gen-Z လူငယ်တွေထက် နိုင်ငံခြားမှာရောက်နေတဲ့ နိုင်ငံရေးသမားလူလည်တွေနဲ့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေပါ။ Gen-Z လူငယ်တွေဆိုတာ အသုံးချခံသက်သက်ပါ။ တိုင်းပြည်ရဲ့ အနာဂတ်ဖြစ်တဲ့ လူငယ်တွေကို တောထဲ၊ တောင်ထဲသွားပြီး အသက်တွေ ဘဝတွေဆုံးရှုံးရအောင် ဝိုင်းဝန်းမြှောက်ပင့် အသုံးချနေတာတွေဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်ကို ဝိုင်းဖျက်ဆီးနေကြတာနဲ့ အတူတူပဲလို့ ပြောချင်ပါတယ်။

အချုပ်ပြောရရင်တော့ **မြန်မာနိုင်ငံမှာ အမှန်တကယ် ဒီမိုကရေစီရရှိစေချင်တယ်၊ မြန်မာပြည်သူလူထုတွေကို တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံတဲ့ဘဝတွေ ရရှိစေချင်တယ်ဆိုရင်တော့ လက်ရှိဖြစ်ပေါ်နေတဲ့ အရှိတရားတွေကို ဘက်လိုက်မှုကင်းစွာနဲ့ မြင်အောင်ကြည့်ပြီး အကြမ်းဖက်မှုတွေကို ဆက်လက်မဖြစ်ပေါ်အောင် စစ်မှန်တဲ့စေတနာနဲ့သာ ရပ်တည်ပေးပါလို့ တည်ငြိမ်အေးချမ်းမှုကို လိုလားတဲ့ ပြည်သူတစ်ယောက်အနေနဲ့ တောင်းဆိုလိုက်ပါတယ်။**

**NUG,PDF တို့၏ တိုက်ခိုက်မှုခံခဲ့ရသည့် ကျန်းမာရေးဝန်ထမ်းများစာရင်း (၁ ဖေ ၂၀၂၁ - ၁၅ မေ ၂၀၂၂)**

| တိုင်းနှင့်ပြည်နယ် | ဒဏ်ရာရ | သေဆုံး | ပေါင်း |
|---|---|---|---|
| ကချင် | - | - | - |
| ကယား | - | - | - |
| ချင်း | - | - | - |
| စစ်ကိုင်း | ၉ | ၂ | ၁၁ |
| တနင်္သာရီ | - | - | - |
| ပဲခူး | ၁ | - | ၁ |
| မကွေး | ၂ | ၃ | ၅ |
| မန္တလေး | ၁ | ၂ | ၃ |
| မွန် | ၁ | - | ၁ |
| ရန်ကုန် | ၂ | - | ၂ |
| ရှမ်း | - | ၁ | ၁ |
| ဧရာဝတီ | - | - | - |
| Total | ၁၆ | ၈ | ၂၄ |

**NUG,PDF တို့၏ တိုက်ခိုက်မှုခံခဲ့ရသည့် စာသင်ကျောင်းနှင့် ဆရာ/ဆရာမများစာရင်း (၁ ဖေ ၂၀၂၁ - ၁၅ မေ ၂၀၂၂)**

| | |
|---|---|
| စာသင်ကျောင်းအားမီးရှို့ဖျက်ဆီးမှု | ၁၂၇ ကြိမ် |
| စာသင်ကျောင်းအားဗုံးထောင်ဖောက်ခွဲမှု | ၃၇၄ ကြိမ် |
| စာသင်ကျောင်းအား သေနတ်ဖြင့်ပစ်မှု | ၁၄ ကြိမ် |
| ခြိမ်းခြောက်မှု | ၄၄ ကြိမ် |
| သတ်ဖြတ်ခံရမှုကြောင့် ဆရာ/ဆရာမသေဆုံးမှု | ၂၉ ဦး |
| ဆရာ/ဆရာမ ဒဏ်ရာရရှိမှု | ၂၇ ဦး |

ရန်ကုန်မြို့ အမေရိကန်သံရုံး၏ လူမှုကွန်ရက်တွင် ဖော်ပြထားသည့် အမေရိကန်သံအမတ်ကြီး Mr. Thomas L.Vajda နှင့် US. ASEAN Spokesperson တို့၏ ပြောကြားချက်များအပေါ် မြန်မာပြည်သူတစ်ဦးမှ အမေရိကန်သံအမတ်ကြီးထံသို့ ပြန်လည်ရေးသားထားသည့် အိတ်ဖွင့်ပေးစာအား ဘာသာပြန်ဆိုဖော်ပြထားခြင်းဖြစ်ပြီး စာပါအကြောင်းအရာများသည် စာရေးသားသူ၏ အာဘော်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

## မာန်အောင်မြို့နယ်၌ မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပွဲတော်ကျင်းပ

**မာန်အောင် ဇွန် ၁၀**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒီရေတောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေး၊ ဂေဟစနစ်ထိန်းသိမ်းကာကွယ်နိုင်ရေးတို့အတွက် မြို့နယ်သစ်တောဦးစီးဌာနက မိုးရာသီဒီရေတောသစ်ပင်စိုက်ပွဲကို ယနေ့ နံနက်ပိုင်းက သိမ္ဘလကျေးရွာအုပ်စု သိမ္ဘလကမ်းခြေ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရွှေလှအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးကျော်နေလင်းတို့က သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်လာသူများအား ပျိုးပင်များ ပေးအပ်သည်။

ယင်းနောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ စုပေါင်း၍ ဒီရေတောရှားပါးသစ်မျိုးဖြစ်သည့် မြိုင်ကြီးပင် ၂၀၀၊ ဖြူးခြေထောက်အဖို/အမနှင့် ဖြူးအုပ်ဆောင်းပင် ၅၀ စုစုပေါင်း ပျိုးပင် ၂၅၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **သိန်းဖေ(ပြန်/ဆက်)**



## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"** စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁) မှ (၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်) ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေး ခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပို ထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ကင်းစ်တက္ကသိုလ် အရှေ့တောင်အာရှလေ့လာရေးဌာန ဂုဏ်ထူးဆောင်ပါမောက္ခ ကာဒီဂျက်ဆန်ကိုလက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးသည် အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ကင်းစ်တက္ကသိုလ် အရှေ့တောင်အာရှလေ့လာရေးဌာန ဂုဏ်ထူးဆောင်ပါမောက္ခ ကာဒီဂျက်ဆန်ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဂုဏ်ထူးဆောင်ပါမောက္ခ ကာဒီဂျက်ဆန်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ ဆောင်ရွက်နေမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် သိရှိလိုသည်များကို မေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့်သင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး သဘောတူညီခဲ့ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် အလေးထားပြီး မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ စိစစ်ခြင်းနှင့် ပြုစုခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရေး ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်း၊ ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ရွေးကောက်ပွဲများ ကျင်းပရာတွင်လည်း ပြည်တွင်း၊ ပြည်ပမှ လေ့လာသူများကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် မိမိတို့နိုင်ငံအတွင်းရှိ နိုင်ငံရေးပါတီများ၊ ဝင်ရောက်ယှဉ်ပြိုင်ကြသူများ၊ မဲဆန္ဒရှင်ပြည်သူများကလက်ခံသည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အခြေအနေအရ နိုင်ငံတော်အာဏာကိုထိန်းသိမ်းခဲ့ရသော်လည်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ ဆောင်ရွက်နိုင်ရန် နိုင်ငံရေး ပါတီဝင်မဟုတ်သူများ၊ အတွေ့အကြုံရှိသူများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ပြီး မိမိတို့ကော်မရှင်၏အဓိကတာဝန်မှာလည်း ရွေးကောက်ပွဲကျင်းပပေးရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရန် လိုအပ်ကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်ရန် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် ဂုဏ်ထူးဆောင်ပါမောက္ခ ကာဒီဂျက်ဆန်က ကော်မရှင်၏ ပြင်ဆင်ဆောင်ရွက်နေမှု၊ လုပ်ဆောင်နေမှုများကို သိရှိရသည့်အတွက် အထင်ကြီးလေးစားမိကြောင်း၊ မိမိအနေဖြင့် နိုင်ငံတကာက သိရှိအောင် ပြန်လည်သတင်းစကားပါးပေးမည်ဖြစ်ကြောင်း၊ လိုအပ်သော အကူအညီများရှိပါက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာနယ်ပယ်သုံးခုမှ အနုပညာရှင်၊ အတတ်ပညာရှင်များပူးပေါင်းပြီး ပဒေသာကပွဲကြီးကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၀**

ရုပ်ရှင်၊ ဂီတ၊သဘင် ပဒေသာကပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒါရိုက်တာစင်ရော်မောင်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး အတွင်းရေးမှူး ဦးနေဝင်းနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ အနုပညာရှင်များက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။

**ပဒေသာကပွဲကြီးကျင်းပ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာနယ်ပယ်သုံးခုမှ အနုပညာရှင်၊ အတတ်ပညာရှင်များ ပူးပေါင်းပြီး ပဒေသာကပွဲကြီးတစ်ခု ကျင်းပရန်အတွက် ယခုလို လုပ်ငန်းကြိုတင်ညှိနှိုင်း အစည်းအဝေး ပြုလုပ်ရခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့် အခြားသောအကြောင်းအရာများကြောင့် ခေတ္တရပ်နားထားခဲ့ရသည့် ဖျော်ဖြေတင်ဆက်ရေး လုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်နိုင်ရန်နှင့် အနုပညာနယ်ပယ်အသီးသီးမှ အနုပညာရှင်များအားလုံး မိမိတို့၏ အနုပညာလုပ်ငန်းများ ပြန်လည်စတင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြီး အနုပညာမောင်နှမများ၏ စွမ်းအားနှင့် စုပေါင်းပါဝင်သည့် ပဒေသာကပွဲကြီး ကျင်းပပြုလုပ်ရန် ရည်မှန်းထားပါကြောင်း။

စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် အနုပညာအဖွဲ့အစည်းများသည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ပြောင်းလဲခဲ့ချိန်များတွင်လည်း အစိုးရ၏ မူဝါဒအပေါ်မူတည်ပြီး နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း။ အနုပညာရှင်ဆိုသည်မှာ ပြည်သူများအားလုံး၏ စိတ်ခံစားမှုများကို ပြောင်းလဲစေနိုင်ပြီး ပြည်သူလူထုကို အသိပညာပေးခြင်း၊ ဖျော်ဖြေမှုရသပေးခြင်းများနှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းပြီး နိုင်ငံ၏ ရေစီးကြောင်းပေါ်တွင် ပါလာအောင် စည်းရုံးလှုံ့ဆော်နိုင်ခဲ့ကြသူများ ဖြစ်ပါကြောင်း။

**သမိုင်းမှတ်တမ်းတင်နိုင်ခဲ့**

နိုင်ငံတော် အနေဖြင့်လည်း မိမိတို့၏ ပြည်တွင်းအင်အားစုများဖြစ်သော စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည်တို့မှ အနုပညာရှင်များကို အမြဲမပြတ် ကူညီပံ့ပိုးပေးလျက်ရှိသလို အနုပညာရှင်များကလည်း မိမိတို့တတ်ကျွမ်းသည့် အနုပညာရပ်နှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ခေတ်အဆက်ဆက် သယ်ပိုးပေးခဲ့ကြသည်ကို သမိုင်းမှတ်တမ်းတွင် တင်ထားနိုင်ခဲ့ပါကြောင်း၊ ယခုလည်း ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲကျင်းပနိုင်ရေးအတွက် ယခင်ကလို အနုပညာရှင်များ၏ စုပေါင်းစွမ်းအားနှင့် တက်တက်ကြွကြွ ပါဝင် ဆောင်ရွက်ပေးမည်ဟု ယုံကြည်ပါကြောင်း၊ ယခုလိုဆောင်ရွက်ရာတွင် သက်ဆိုင်ရာနယ်ပယ်အလိုက် ပါဝင်ဆောင်ရွက်နိုင်မည့် ဆောင်ရွက်သင့်သည့် အစီအစဉ်များ၊ လိုအပ်ချက်များကို အကြံပြု ဆွေးနွေးပေးစေလိုကြောင်း။

ကိုဗစ် – ၁၉ ကာလတွင် ပြည်သူများ၏ ညှိုးနွမ်းနေသည့် စိတ်နှလုံးများ၊ ရပ်တန့်ခဲ့ရသည့် ယန္တရားများ၊ ပြန်လည်လည်ပတ်စပြုနေသည့် လုပ်ငန်းများကို မိမိတို့အနုပညာရှင်များက ယနေ့အချိန်အခါတွင် ခေတ်အဆက်ဆက် အမျိုးသားရေး တာဝန်ကျေမှု၊ တီထွင်ကြိုးပမ်း အားထုတ်မှု၊ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်မှုဆိုသည့် ရုပ်ရှင်၊ ဂီတ၊ သဘင် အဖွဲ့အစည်းများ၏ အစဉ်အလာကောင်းများနှင့်အညီ တိုင်းရင်းသားပြည်သူအားလုံး၏ စိတ်နှလုံးကို ထာဝရချမ်းမြေ့ပျော်ရွှင်နေအောင် အနုပညာစွမ်းပကားနှင့် သယ်ပိုးထမ်းဆောင်ရင်း အနုပညာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ဝိုင်းဝန်း အကြံပြုပေးကြပါဟု ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် က ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ ကျင်းပပြုလုပ်မည့် အစီအစဉ်အကြမ်းဖျင်းကို ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးအတွင်းရေးမှူး ဦးနေဝင်းတို့က ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်မှ အနုပညာရှင်၊ အတတ်ပညာရှင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဇွန် ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ရွာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ရောက်ရှိပြီး ဖွံ့ဖြိုးရေးတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်းနှင့် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းတို့မှ ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ်အလိုက် စာပေသင်ကြားနေမှု၊ တက္ကသိုလ်စာကြည့်တိုက်၊ အိပ်ဆောင်၊ စားရိပ်သာများနှင့် အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စားရိပ်သာတွင် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ သက်သာချောင်ချိရေးအတွက် မွေးမြူထားရှိသည့် အသားစားကြက်၊ ဥစားကြက်ခြံ၊ ငါးမွေးမြူရေးကန်များနှင့် စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့်တွေ့ဆုံ၍ ပါမောက္ခချုပ်မှ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာအခြေအနေများနှင့် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ဘွဲ့နှင်းခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ် ကျောင်းသား ကျောင်းသူများအနေနှင့် လက်ရှိပညာသင်ကြားရေးကာလအတွင်း ပညာရပ်များကို ကြိုးစားသင်ယူရေး၊ တက္ကသိုလ်တွင် ပညာရှာမှီးစဉ် တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးစွာဖြင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာအောင် နေထိုင်ကျင့်ကြံရေး၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော ပညာရေးဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်မွေးထုတ်နိုင်ရေး၊ ဆရာ ဆရာမများအနေဖြင့်လည်း တက္ကသိုလ်၏ ရည်မှန်းချက် ၅ ရပ်နှင့်အညီ ကျောင်းသား ကျောင်းသူများကို စာပေဘာသာရပ်များအပြင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ပြီး ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်နှင့် ဆင်ခြင်တုံတရား မြင့်မားစေရေးအတွက် သင်ကြားလေ့ကျင့်ပေးရေး၊ အားကစားကဏ္ဍအပါအဝင် ဘက်စုံထူးချွန်ထက်မြက်ပြီး အနာဂတ်တွင် နိုင်ငံတော်မှ အားထားရသည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရေး ဦးတည်ချက်ထားရှိ ဆောင်ရွက်သွားကြရန်မှာကြားပြီး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တက္ကသိုလ်၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်ပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးသည်။

### အမှာစကားပြောကြား

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အုန်းတောကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကောလိပ်၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ကျွန်း၊ ပိတောက်၊ သရက်၊ မန်ကျည်းအပင်ရေ ၁၀၀၀ ကျော် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ ထို့နောက် စာသင်ဆောင်များ၌ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ၏ စာသင်ကြားနေမှု၊ လက်တွေ့ခန်းများ၊ စာကြည့်တိုက်၊ အိပ်ဆောင်၊ စားရိပ်သာနှင့် အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး စားရိပ်သာတွင် ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

ဆက်လက်၍ဘွဲ့နှင်းသဘင်ခန်းမတွင် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ပညာရေးသည် တိုင်းပြည်တိုးတက်ရေးနှင့် ဒီမိုကရေစီအရေးအတွက် အဓိကကျ၊ ပညာရေးတိုးတက်ရေးသည် ဆရာ ဆရာမများအပေါ် များစွာတည်မှီ

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဆင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါ တက္ကသိုလ် ရတနာခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**





အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပြည်တွင်း၊ ပြည်ပ ဗဟုသုတများ ကြွယ်ဝစေရန်၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများကို သိရှိနားလည်ပြီး ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုများကို နှံ့စပ်နားလည်ကျင့်သုံးတတ်စေရန်၊ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်မှုအခြေခံသဘောတရားများကို သိမြင်နားလည်နိုင်စေရန် သင်ကြား ပို့ချပေးခဲ့ကြောင်း။

ထို့ပြင် ကာကွယ်ရေးပညာဌာနမှ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်တတ်မှု၊ စည်းကမ်းရှိမှု၊ အဆင့်ဆင့်ကွပ်ကဲ ဆောင်ရွက်တတ်မှု၊ အချိန်ကိုက် စီမံခန့်ခွဲတတ်မှု၊ မိမိကိုယ်ကို ယုံကြည်မှုနှင့် အဖွဲ့အစည်းစိတ်ဓာတ် ရင့်သန်စေရန် အခြေခံစစ်ပညာများ သင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း။

**ပညာရေးသည် တိုင်းပြည်တိုးတက်ရေးနှင့် ဒီမိုကရေစီအရေးအတွက် အဓိကကျကြောင်း၊ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးသည်လည်း ဆရာ ဆရာမများအပေါ် များစွာတည်မှီကြောင်း၊** ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းသားလူငယ်များ၊ မိဘပြည်သူများ၊ ရပ်ရွာလူထုနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။ နိုင်ငံအတွက် အရည်အသွေး ပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ကျောင်းသားလူငယ်များ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားလာအောင် လေ့ကျင့်သင်ကြားပေးရင်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ပညာရပ်များကို အမြဲတစေ ဆည်းပူးလေ့လာ သင်ကြားသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စံပြသင်တန်းသားဆုများနှင့် ပထမဆုများကို ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်က လည်းကောင်း၊ စစ်ရေးပြထူးချွန်ဆုများ၊ အဆောင်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၅၇ ဦး၊ သင်တန်းသူ ၂၀၂ ဦး စုစုပေါင်း ၂၅၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၁၃ ရက်မှ ဇွန် ၁၀ ရက်အထိ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# ပျူသုတေသနတွေ့ရှိချက်များနှင့် ပါမောက္ခ ဂျဲနစ်စတားဂါတ်

**ဒေါက်တာနန္ဒာမွန်း (အမြဲတမ်းအတွင်းဝန်/သမိုင်းသုတေသန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း))**

*(ယမန်နေ့မှအဆက်)*

**ခေတ်မီနည်းပညာဖြင့်သုတေသနပြုခြင်း**

ပါမောက္ခ ဒေါက်တာဂျဲနစ် ဦးဆောင်ပြီး Cambridge University က အဝေးပုံရိပ်ထောက်လှမ်းခြင်း (remote sensing) နှင့် မြေပြင်တွေ့ရှိချက်များ ပူးပေါင်း၍ သရေခေတ္တရာမြို့ဟောင်း၏ ရေပေးဝေသောစနစ်ကို နည်းပညာအသစ်ဖြင့် သုတေသနပြုထားချက်သည်လည်း သရေခေတ္တရာ- အရှေ့တောင်အာရှ ကုန်းမြေပိုင်း၏ အစောဆုံးသောမြို့ပြ ယဉ်ကျေးမှုဖြစ်ကြောင်း သက်သေပြနိုင်မှုတွင် ပါဝင်ပါသည်။ ရေပေးဝေရေးစနစ်နှင့် မြောင်းများတူးဖော်မှုသည် မြို့ပြဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းအတွက် အထူးအရေးပါသောအချက်များ ဖြစ်ပါသည်။ အဝေးပုံရိပ်ထောက်လှမ်းခြင်း (remote sensing) နှင့် ရိုက်ကူးသောပုံများသည် အရည်အသွေးအသင့်အတင့်ပင် ဖြစ်လင့်ကစား အဆိုပါ သုတေသနပြုသော ရှေးဟောင်းသုတေသနဒေသ နယ်မြေအတွင်းတွင် မြေအောက်ရေရှိနေပုံ၊ စီးဆင်းပုံကအစ လေ့လာနိုင်ပါသည်။

သရေခေတ္တရာ၏ ရှေးဟောင်းရေပေးဝေမှုစနစ်၊ မြေဆီမြေနှစ်များ ရရှိစုဆောင်းနိုင်မှု၊ မိုးရေသိုလှောင်ထားနိုင်မှုနှင့် ရေဖြန့်ဖြူးနိုင်မှုတို့ကိုပါ လေ့လာတွေ့ရှိရပါသည်။ တွေ့ရှိပြီး ရှေးဟောင်းသုတေသနဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထောက်အထားများက ပုံရိပ်ဖော်ဆောင်ပေးမှုများဖြင့် ရှေးဟောင်းရေပေးဝေရေး ပြုလုပ်ဆောင်ရွက်ထားချက်များကို ဆက်စပ်ပေးနိုင်ခဲ့ပါသည်။ ပါမောက္ခဒေါက်တာဂျဲနစ်တို့က အဆိုပါ သုတေသနတွေ့ရှိချက်ကို အခြေခံကာ တခြားသော အရှေ့တောင်အာရှနိုင်ငံများရှိ ရှေးဟောင်းသုတေသနနယ်မြေများတွင် ပြန်လည်အသုံးချကာ သုတေသနပြုကြရန်ကိုပါ ရည်ရွယ်ထားပါသည်။

အဆိုပါ Cambridge University သုတေသနမှ နယ်မြေခံ မြေအနေအထားနှင့် ပတ်သက်၍ တွေ့ရှိချက်(၅) ချက်ထုတ်ဖော်ခဲ့ရာ-

(၁) နယ်မြေခံရှိသဘာဝမြေကြီးသည် မူလပင်လယ်ဘက်က မြေအမျိုးအစားမျိုး လေးလံသော ရွှံ့မြေဖြစ်သည်။

(၂) ရာစုနှစ်ပေါင်းများစွာ ရှေးဟောင်းရေပေးဝေသည့် သွယ်ထားသောဆည်မြောင်းများအတွင်း အနည်ကျမှုများသည် ရွှံ့မြေထက် ပိုမိုမြေဩဇာကောင်းမွန်၍စိုစွတ်သော သဘာဝပေါက်ပင်များအတွက် ပိုမိုကောင်းမွန်စွာ ရှင်သန်နိုင်သည်။

(၃) တူးမြောင်းနှင့်ကန်များထဲမှ အနည်များက ရွှံ့မြေများထက် ပိုမိုစိမ့်ထွက်နိုင်၍ ရေစီးမည့်လမ်းကြောင်းကို အဆိုပါ ဒေသတစ်လျှောက် ရွေ့လျားသွားလာရန် များစွာအထောက်အပံ့ပြုပါသည်။

(၄) ဘူမိဗေဒဆိုင်ရာ ရွှံ့အတုံးအခဲများသည် ရှေးဟောင်းရေစီးလမ်းကြောင်းအတွင်း စိုထိုင်းသော ရေငွေ့လက်ကျန်များ ဖြစ်ပေါ်စေရန် လုပ်ဆောင်ပေးနိုင်သည်။

(၅) ရှေးဟောင်း ရေပေးဆည်မြောင်းများကို လုပ်ဆောင်ရာတွင် လျှောစောက်အမျိုးမျိုး ရှိနေသော အချက်များကို တိကျစွာ ထည့်သွင်းလုပ်ဆောင်ခြင်းဖြင့် ရေစီးကလည်း ဆွဲငင်အားအခြေခံသော စီးဆင်းလာမှုကို ဆက်တိုက်လုပ်ဆောင်နိုင်ခဲ့ရာ ယခုအချိန်အခါတွင် ရေစီးအားနေးသွားသော်လည်း သက်ရောက်မှုက ကောင်းပါသည်။ ပထမ ထောင်စုနှစ်ကာလက နဂိုတူးဖော်ခဲ့သော တူးမြောင်းများနှင့် ကန်များက အကျိုးပြုခဲ့သလို အကျိုးပြုနေလျက် ရှိပါသည်။

> “ သရေခေတ္တရာတွင် ရှေးဟောင်းရေပေးဝေရေးစနစ်သည် ရာစုနှစ်ပေါင်းများစွာအတွင်း တည်ဆောက်ခြင်း၊ အသစ်ပြင်ဆင်ခြင်း၊ ပိုမိုခိုင်ခံ့အောင် ပြုလုပ်ခြင်းနှင့် ချဲ့ထွင်ခြင်းများကို အကြိမ်များစွာ ပြုလုပ်ခဲ့ကြောင်းနှင့် မြို့ပြပုံစံကို ၂ ဘီစီအီးမှ ၁ ရာစု ဘီစီအီးတွင် စတင်ပြီး ပုံဖော်လာကြောင်း တွေ့ရှိရပါသည်။ ၄ ရာစု စီအီးခန့်တွင် သရေခေတ္တရာ၏ သမိုင်းဝင်ရေပေးသွင်းမှု မြေယာပုံစံတွင် အဓိက အရေးပါသော ကွန်ရက်ဖြစ်နေသည့် ရှေးဟောင်းရေမြောင်းများ၊ ကန်များ၊ ကျုံးများဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်းကိုပါ တွေ့ရှိရ ”

အဆိုပါဒေသရှိ ရှေးဟောင်းပျူတို့သည် ရေရရှိရေးကိုစနစ်တကျ တူးဖော်ဆောင်ရွက်နိုင်ရာ ဆွဲငင်အားနည်းပါးသော နေရာများအတွက်လည်း မြေထဲနစ်နေသော ရေတွင်းများကို ရှေးဟောင်းကျုံးများ၊ ကန်များနှင့် တူးမြောင်းများအဖြစ်သို့ အမြတ်ထုတ်ကာ သူတို့၏ ရိုးရာမပျက် မိုးရေစုဆောင်းခြင်းနှင့် ရေသွင်းစိုက်ပျိုးခြင်းများကို လုပ်ဆောင်ကြောင်း တွေ့ရှိရပါသည်။ ၁၉၈၆-၁၉၈၉ အထိ ကောင်းကင်ဓာတ်ပုံများ အသုံးပြုခဲ့ပြီး ပါမောက္ခ ဒေါက်တာဂျဲနစ်၏ လေ့လာချက်အရ သရေခေတ္တရာ၏ တိုးတက်ဖွံ့ဖြိုးမှုသည် ရေလှောင်ကန်များ၊ ကျုံးများနှင့် တူးမြောင်းများထဲသို့ ရေစုဆောင်းလှောင်ထားကာ ဖြန့်ဖြူးပေးနိုင်ခြင်းအပေါ် မှီတည်နေကြောင်းတွေ့ရှိရပါသည်။ အဆိုပါဒေသရှိ ရေအဓိက စီးဆင်းလာရာ တောင်စောင်းနှစ်ခုမှာ - နဝင်းလွင်ပြင်ရှိ တောင်စောင်းများနှင့် သရေခေတ္တရာမြို့ အနောက်တောင်နှင့်အနောက်ဘက် အစွန်းရှိအလွန်မတ်စောက်သည့် တောင်ကြောများမှာ မိုးရာသီအတွင်း ရေများကို ပိုမိုထိန်းထားနိုင်စွမ်းရှိကြသည်။ အဆိုပါ ရေများကြောင့် ခြောက်သွေ့သောဒေသ ဖြစ်လင့်ကစား စပါးစိုက်ပျိုးခြင်းနှင့် ဥယျာဉ်စိုက်ပျိုးခြင်းတို့ကို များစွာ အထောက်အကူဖြစ်စေပါသည်။

ပျူတို့သည် ဗုဒ္ဓဘာသာနှင့် စတင်ကျွမ်းဝင်လာသည်မှာ ၂ ရာစု စီအီးက ဖြစ်သော်လည်း သရေခေတ္တရာတွင်မူ အန္ဒိယများ၏ ကြွယ်ဝသည့် ဗုဒ္ဓဘာသာဆိုင်ရာယဉ်ကျေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံကျင့်သုံးလာသည်မှာ ၃ ရာစု - ၄ ရာစုတွင် တွေ့ရသည်။ ပျူမြို့ကြီး သုံးမြို့တွင် ပျူဗုဒ္ဓဘာသာများ၏ ထုံးစံဓလေ့များကို တွေ့ရှိရပေသည်။ ဗုဒ္ဓဘာသာ မကိုးကွယ်မီကာလ ဈာပနလုပ်ကိုင်မှုများကို ပိုမိုသေချာစွာ ကျင့်သုံးလာမှုများကနေ ပိုမိုသဘောပေါက်ကိုးကွယ်လာကာ ဗုဒ္ဓဘာသာဆိုင်ရာ သာသနာ့အဆောက်အအုံများကို စုဖွဲ့တည်ဆောက်လာကြသည်။ မြို့တိုင်းတွင် ကြီးမားသောဘာသာရေးဆိုင်ရာနယ်မြေများကို ရေပေးဝေသောလုပ်ငန်းများအားဖြင့် ပိုင်းခြားထားသည်ကိုလည်း တွေ့ရှိရသည်။ ကြီးမားသော အင်အားတစ်ခုအဖြစ် ဖော်ဆောင်ရန် ပထမထောင်စုနှစ်နှင့် ဒုတိယထောင်စုနှစ် အစောပိုင်းက တောင်အာရှတိုက်နှင့် အရှေ့တောင်အာရှဒေသများရှိ နန်းစိုက်ရာမြို့တော်များကဲ့သို့ သရေခေတ္တရာ၏ မြို့ပြရှုခင်းကို ပုံစံပြင်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းများကို ကြိမ်ဖန်များစွာ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ သရေခေတ္တရာတွင် တွေ့ရှိရသော နိုင်ငံရပ်ခြားဒင်္ဂါးများနှင့် ရှေးဟောင်းပစ္စည်းများမှာ ရပ်ဝေးနယ်ခြားများနှင့် ကုန်သွယ်မှုများကို ထင်ဟပ်စေပါသည်။ သို့သော် ပျူတို့ တီထွင်ဖန်တီးခဲ့သော အဓိကထင်ရှားသော ရှေးဟောင်းပစ္စည်းမှာ ကျယ်ဝန်းလှသော ရေပေးသွင်းထားသော မြေယာရှုခင်းဖြစ်သည်ဆိုသည်ကို သံသယဖြစ်ဖွယ် မရှိပေ။

ပါမောက္ခ ဒေါက်တာဂျဲနစ်သည် ဇွဲရှိ စိတ်ရှည်စွာဖြင့် ပျူသုတေသနကို နှစ်စဉ်ဆောင်ရွက်လာရာတွင် ရှေးဟောင်းသုတေသနဆိုင်ရာ မြေပုံရေးဆွဲခြင်းကို ပုံထွက်အသင့်အတင့် ကောင်းမွန်သော ဘက်စုံကရိုက်ကူးထားသည့် ပုံများရနိုင်သရွေ့ကို အသုံးပြုခဲ့ရာမှ နှစ် ၃၀ အကြာတွင် ၁၉၈၆ ခုနှစ်မှစ၍ လက်တွေ့ကွင်းဆင်းနည်းပညာနှင့် မြေပုံထုတ်ခြင်းကို လေတပ်အကူအညီဖြင့် ကောင်းကင်မှ ရိုက်ယူခဲ့သည်။ ထို့အပြင် အမေရိကန်နိုင်ငံ ဘူမိဗေဒကွင်းဆင်းရေး၏ spaceborne multispectral LANDSAT Enhanced Thematic Mapper (ETM) data မှ ရရှိသောအချက်အလက်များကို အသုံးပြုခဲ့ပါသည်။ ထို့ကြောင့်ပင် သရေခေတ္တရာတွင် ရှေးဟောင်းရေပေးဝေရေးစနစ်သည် ရာစုနှစ်ပေါင်းများစွာအတွင်း တည်ဆောက်ခြင်း၊ အသစ်ပြင်ဆင်ခြင်း၊ ပိုမိုခိုင်ခံ့အောင် ပြုလုပ်ခြင်းနှင့် ချဲ့ထွင်ခြင်းများကို အကြိမ်များစွာ ပြုလုပ်ခဲ့ကြောင်းနှင့် မြို့ပြပုံစံကို ၂ ဘီစီအီးမှ ၁ ရာစု ဘီစီအီးတွင် စတင်ပြီး ပုံဖော်လာကြောင်း တွေ့ရှိရပါသည်။ ၄ ရာစု စီအီးခန့်တွင် သရေခေတ္တရာ၏ သမိုင်းဝင်ရေပေးသွင်းမှု မြေယာပုံစံတွင် အဓိက အရေးပါသော ကွန်ရက်ဖြစ်နေသည့် ရှေးဟောင်းရေမြောင်းများ၊ ကန်များ၊ ကျုံးများဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်းကိုပါ တွေ့ရှိရပေသည်။

**ရှေးဦးမြို့ပြအဖြစ်သတ်မှတ်ခြင်း**

မြို့ပြဖြစ်ခြင်း သတ်မှတ်ရာတွင် အဆိုပါဒေသတွင် နေထိုင်ကြသူများက မြို့ပြအတွင်း တည်ဆောက်ထားသော ပတ်ဝန်းကျင်နှင့်အပြန်အလှန် အကျိုးပြုခြင်းအပေါ် မှီတည်ပါသည်။ ရှေးဦးမြို့ပြဖြစ်ထွန်းခြင်းတွင် သင်္ကေတ၊ အမှတ်တံဆိပ်များ ရိုက်နှိပ်သုံးစွဲခြင်း၊ အိုးထည် ပြုလုပ်သူများက လက်မှုပညာအနေဖြင့် မဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လာခြင်း၊ ကုန်သွယ်မှုများ၊ အစဉ်အလာအရ လုပ်ကိုင်ဆောင်ရွက်ရမှုများ လုပ်ဆောင်လာခြင်း၊ တစ်နေရာတည်းတွင် ထူထပ်စွာနေထိုင်လာကြခြင်း၊ မြေကို ကောင်းစွာအသုံးချခြင်း၊ ပြောင်းရွှေ့နေထိုင်လာခြင်း၊ ဘာသာရေးဆိုင်ရာအရ လုပ်ဆောင်ကြသည့် ဈာပနများကို လုပ်ဆောင်သည့်ဓလေ့များကို တွေ့လာရသည်။

ပတ်ဝန်းကျင်ရှိ လူများ နေထိုင်ရာများအတွက် မြေအသုံးချကာ သီးနှံစိုက်ပျိုးခြင်းများအတွက် အထောက်အကူဖြစ်စေမည့် ရေရရှိရေး ဆောင်ရွက်ထားမှုမြင်ကွင်းသည် ရှေးဟောင်းပျူလူမျိုးများအတွက်သာမက ယခုတိုင် အကျိုးပြုနေဆဲဖြစ်ပါသည်။ ပျူရှေးဟောင်းမြို့သုံးမြို့သည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်က အရှေ့တောင်အာရှသို့ ဗုဒ္ဓဘာသာကို အစောဆုံး မိတ်ဆက်ပေးသည့် အထောက်အထားတွေ့ရှိရာဖြစ်ပြီး တစ်ဆက်တည်းမှာပင် စီးပွားရေး၊ လူမှု-နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာတို့ကို ပိုမိုကောင်းမွန်အောင် ပြောင်းလဲလာခဲ့စေပါသည်။ ထို့ကြောင့်ပင် ဤဒေသအတွင်းတွင် ပထမဦးဆုံးသော၊ အကြီးမားဆုံးနှင့် သက်တမ်းရှည်ကြာဆုံးသော မြို့ပြဆိုင်ရာ အခြေချနေထိုင်မှုများကို ၉ ရာစုတိုင်သည်အထိ ပေါ်ပေါက်လာစေခဲ့ပါသည်။ ပျူတို့သည် အိန္ဒိယယဉ်ကျေးမှု လွှမ်းမိုးမှုကို လက်ခံသော်လည်း သိသာထင်ရှားစွာ ပြန်လည်တီထွင်ဆန်းသစ်မှုတို့ကို အလျင်အမြန်ပြောင်းနိုင်သော စွမ်းရည်လည်း ရှိကြပေသည်။ ပျူတို့သည် အထူးမြို့ပြပုံစံကို တီထွင်ပြီး ယင်းမြို့ပြ ချဲ့ထွင်မှုပုံစံသည် နောက်ဆက်တွဲအနေဖြင့် အရှေ့တောင်အာရှပင်မဒေသကြီး၏ မြို့ပြပြုရေးကိုပါ လွှမ်းမိုးနိုင်ခဲ့ပါသည်။ ထိုအစောဆုံးသော ဗုဒ္ဓမြို့ပြနိုင်ငံများသည် ပါဠိအခြေခံသော ဗုဒ္ဓဘာသာ စာပေ၊ ဗိသုကာဆိုင်ရာနှင့် အစဉ်အလာများကို အရှေ့တောင်အာရှ အခြားဒေသများရှိ လူ့အဖွဲ့အစည်းများသို့ တစ်ဆင့်ဖြန့်ဖြူးပေးကာ ဩဇာလွှမ်းမိုးနိုင်မှုလည်း ရှိကြပေသည်။ ပျူသုံးမြို့ဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့သည် မြို့ပြနေထိုင်မှု ပုံစံအသစ်ဖြင့် အစဉ်လိုက် တွေ့ရှိသော အရှေ့တောင်အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအဖြစ် သက်သေထူနိုင်ကြပေသည်။ ထို့အပြင် ပျူမြို့များသည် ဖြစ်စဉ်တစ်ခုလုံး၏ အထောက်အထားများနှင့် ၂ ရာစု ဘီစီအီးမှ ၉ ရာစု စီအီးအတွင်း ပျူစာရေးသားမှု၊ ဗုဒ္ဓဘာသာဘုန်းကြီးအုပ်စုများ၊ ကွဲပြားခြားနားသော အသုဘထားရှိမှုအလေ့အထ၊ ကျွမ်းကျင်စွာဆောင်ရွက်ထားသော ရေစီးမံခန့်ခွဲမှုနှင့် ဝေးကွာသောအရပ်များသို့ ကုန်သွယ်ခြင်းစသော ပျူမြို့ပြယဉ်ကျေးမှုပြောင်းလဲနိုင်မှုအတိုင်းအတာ ကန့်သတ်ချက်များကိုပါ ထောက်ပံ့ပေးပါသည်။ ပျူမြို့ဟောင်းနေရာများတွင် တွေ့ရှိရသော ပျူခေတ်မြင်ကွင်းဖြစ်သည့် ဆည်များဖြင့် ရေပေးသွင်းခဲ့သည့် နေရာများသည် အဆိုပါနေရာများတွင် ယနေ့ခေတ် နေထိုင်နေကြသည့် ကျေးလက်ဒေသနေသူများ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် သက်ရောက်မှုရှိဆဲ ဖြစ်ပါသည်။

**အပြည်ပြည်ဆိုင်ရာ မြန်မာနိုင်ငံဆိုင်ရာ လေ့လာမှု စာတမ်းဖတ်ပွဲ**

၂၀၁၄ ခုနှစ်တွင် စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ မြန်မာနိုင်ငံဆိုင်ရာ လေ့လာမှု စာတမ်းဖတ်ပွဲတွင် Professor Janice Mary Stargardt ဖတ်ကြားခဲ့သော “Irrigation system in ancient Pyu Cities” စာတမ်းဖတ်ကြားခဲ့ရာ အဆိုပါ Session ကို စာရေးသူက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ရပါသည်။ သူ၏ နှစ်ပေါင်း ၄၀ ကျော် ပျူသုတေသနလေ့လာချက်၊ တွေ့ရှိချက်များအရ လည်းကောင်း၊ *စာမျက်နှာ ၁၁ သို့*

# သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေး အစီအမံများ စနစ်တကျကြိုတင်ပြင်ဆင်



**နေပြည်တော် ဇွန် ၁၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကနဦးလိုအပ်ချက် စစ်တမ်း ကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ (၁/၂၀၂၂ ) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်၊ တိုးတက်မှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း (၂၀၂၁) ခုနှစ် ကောက်ယူခဲ့ခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်းကောက်ယူရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ၊ ဘေးအန္တရာယ် မကျရောက်မီဆောင်ရွက်ရမည့်အစီအစဉ်များကို စနစ်တကျကြိုတင်ပြင်ဆင်ထားရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်လာသည့်အခါတွင် ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်ပေးနိုင်ရေး၊ ဘေးအန္တရာယ် တစ်ခုဖြစ်ပွားပြီးနောက် ကနဦးလိုအပ်ချက်များ၊ ရေရှည်အတွက် လိုအပ်ချက်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်သည့်အခြေအနေများကို ဆန်းစစ်ဖော်ထုတ်ရေး၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များဖော်ထုတ်ရေး၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်းများ ကောက်ယူရေး၊ ဘေးအန္တရာယ်ကျရောက်ပြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ရေး၊ ထိရောက်သည့် အရင်းအမြစ်ခွဲဝေမှုဖြစ်စေရေးနှင့် ဘေးအန္တရာယ်ခံစားရသူတိုင်း အကူအညီရရှိနိုင်ရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များအကြား အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ရေး၊ စာရင်းဇယားအချက်အလက်များ တိကျမှန်ကန်ရေးနှင့် မြေပြင်အခြေအနေနှင့် ကိုက်ညီစေရေးတို့ကို မှာကြားသည်။

အစည်းအဝေးသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးများနှင့် ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ခြေပြုသင်တန်း (၂/ ၂၀၂၂) ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇွန် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ် (၂/ ၂၀၂၂) ကို (၁၃-၆-၂၀၂၂)ရက်မှ (၂၂-၇-၂၀၂၂)ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား အမျိုးသမီး၊ အမျိုးသားများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက အသိပေးကြေညာထားသည်-

- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင် ကျောင်း (ရန်ကုန်)၊** အမှတ်-၁၃၅ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်။ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆၊
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁၊
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈၊
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁၊
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)** အမှတ်-၂ ၊ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂ - ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃၊
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇၊
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာငံ)** အမှတ်-၈၂ ၊ အင်းကုန်းငါးဆူ ကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာငံမြို့၊ ဖုန်း- ၀၉-၇၈၁၁၁၆၂၇၂။
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၄၀၀၉။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ခေတ်မီနည်းပညာများ ပံ့ပိုးမှုများကြောင့်လည်းကောင်း အရှေ့တောင်အာရှဒေသတွင် အစောဆုံးသော မြို့ပြအဖွဲ့အစည်းမှာ မြန်မာနိုင်ငံရှိ ပျူမြို့များဖြစ်ကြောင်း၊ အန်ကောဝပ်မတိုင်မီ အကြီးဆုံးသော မြို့ပြမှာ သရေခေတ္တရာဖြစ်ကြောင်းကို အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲတွင် အခိုင်အမာ ပြောဆိုဖတ်ကြားတင်ပြခဲ့ပါသည်။ သို့ကြောင့်ပင် ပျူမြို့ဟောင်းသုံးမြို့ ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရာတွင် International Council on Monuments and Sites (ICOMOS) ၏ ထောက်ခံတင်ပြချက်တွင် အထက်တွင်ဖော်ပြခဲ့သော ရှေးဦးမြို့ပြအဖြစ် သတ်မှတ်နိုင်သောအကြောင်းများကို အလေးအနက်ထား တင်ပြခဲ့ပါသည်။




အရှေ့တောင်အာရှတွင် ပထမဦးဆုံးသော၊ အကြီးမားဆုံးသောနှင့် သက်တမ်းအရှည်ကြာဆုံးသော ပျူမြို့များသည် ပျူယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ညွှန်းသက်သေပြနေသော စာရေးစာဖတ်တတ်ခြင်း၊ ဘုန်းကြီးကျောင်းများနှင့် ဆိုင်သောအသိုက်အဝန်းများရှိခြင်း၊ ရေစီမံခန့်ခွဲနိုင်မှုရှိခြင်း၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်စွမ်းအားဖြစ်ထွန်းခြင်းများနှင့် ပြည့်စုံနေသော အဆင့်မြင့်မားသော မြို့ပြယဉ်ကျေးမှုများ ဖြစ်နေကြောင်း သုတေသနပြုချက်များအရ ဂုဏ်ယူစွာ သိရှိမှတ်တမ်းတင်ခံရပေပြီ။

(၂၀၁၄ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ မြန်မာနိုင်ငံဆိုင်ရာ လေ့လာမှုစာတမ်းဖတ်ပွဲတွင် Professor Janice Mary Stargardt ဖတ်ကြားခဲ့သော "Irrigation system in ancient Pyu Cities" စာတမ်းဖတ်ကြားမှုတွင် ဖော်ပြခဲ့သော တောင်နှင့် အရှေ့တောင်အာရှရှိ ကမ္ဘာ့အမွေအနှစ်နေရာများ၏ သက်တမ်း အချိန်ဇယားပြပုံ ဖြစ်ပါသည်။ **(အပေါ်ပုံ)**

သူနှင့်အတူ တွဲဖက်သုတေသနလုပ်ဆောင်သူမှာ Cambridge University မှ Dr Gabriel S. Amable, Geometic Officer ဖြစ်ပြီး သူသည် Geographical Information System (GIS)၊ Space /Airborne Remote Sensing နှင့် Global Positioning Systems (GPS) ဘာသာရပ်များတွင် ကျွမ်းကျင်ပညာရှင်တစ်ဦး ဖြစ်ပါသည်။)

(ဤဆောင်းပါးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလက Professor Janice Mary Stargardt ၏ နာရေးသတင်းကြားစဉ်ကတည်းက ရေးသားရန် ပြင်ဆင်ခဲ့သော်လည်း ယခုနှစ် ၂၀၂၂ ခုနှစ် ဆရာမကြီးကွယ်လွန်ခြင်း နှစ်နှစ်မြောက်မှသာ ရေးသားရင်းအဖိုးမဖြတ်နိုင်သော သူ၏ ပျူခေတ်သုတေသနဖော်ထုတ်ချက်ကို အမှတ်တရ ဖော်ပြအပ်ပါသည်။)

**ကိုးကား**


University of Cambridge Website

https://www.arch.cam.ac.uk/news/memor-iam_janice_stargardt

Sri Ksetra, Ancient Pyu City (Director Janice Stargardt)

Water in the Ancient City (Janice Stargardt and Gabriel Amable)

# ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ (ဖိုရမ်) ဒုတိယနေ့၊ တတိယနေ့အခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနား ဆက်လက်ကျင်းပ



**ထားဝယ် ဇွန် ၁၀**

တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကြီးမှူးကျင်းပသော ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ(ဖိုရမ်)ကို ဆက်လက်ကျင်းပရာ ဇွန် ၉ ရက် နံနက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည့် ဒီမိုကရေစီဖက်ဒရယ်စနစ်ဆိုင်ရာ အချက်အလက်များ၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ နည်းဥပဒေများပါ တိုင်းရင်းသားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် တိုင်းရင်းသားအရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးဟောပြောပို့ချသည်။

ဆက်လက်ပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သမိုင်းကြောင်းများ၊ (NCA) ပါ အကြောင်းအရာများနှင့် (NCA)၏ ကောင်းကျိုးရလဒ်များ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ရပိုင်ခွင့်များ၊ ကမ္ဘာ့နိုင်ငံရေးသမိုင်းကြောင်းနှင့် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းများကို ဆွေးနွေးဟောပြောပို့ချသည်။

နေ့လယ်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က မြန်မာ့ပထဝီနိုင်ငံရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာများ ခေါင်းစဉ်ဖြင့် ဟောပြောပို့ချရာတွင်**(အပေါ်ပုံ)** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သဘောထားအမြင်များ၊ ပြည်ထောင်စုစိတ်ဓာတ် ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် တိုင်းရင်းသားများ လူ့စွမ်းအားအရင်းအမြစ်၊ လူမှုစီးပွားဘဝ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ တိုင်းရင်းသား မျိုးနွယ်စုများ၏ စာပေနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟောပြောပို့ချသည်။

ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ဖိုရမ်ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန်တို့က သုံးရက်တာ ဆွေးနွေးဟောပြောပို့ချခဲ့မှုများအပေါ် ပြန်လည်ခြုံငုံ သုံးသပ်ရှင်းလင်းပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဖိုရမ်ပိတ်ပွဲပြောကြားရာတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားများအားလုံး ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က "ပန်းခင်းစီမံချက်"ဖြင့် ဆောင်ရွက်ပေးနေသည့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ခြင်းလုပ်ငန်းသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် လွန်စွာအရေးကြီးသဖြင့် အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည့်အတွက် ပညာရေးကို ဦးစားပေးကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ(ဖိုရမ်) ကျင်းပရခြင်းအားဖြင့် တိုင်းရင်းသားများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားများ၏ အခွင့်အရေးများကို ပိုမိုသိရှိနားလည်စေပြီး၊ တိုင်းရင်းသားများနှင့် အစိုးရအကြား ယုံကြည်မှုပိုရစေကာ နိုင်ငံတော်က ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး အစိုးရအနေဖြင့် ယခုဖိုရမ်ပွဲကို (ထားဝယ်မြို့)တွင် ကျင်းပသည့်အပြင် တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုပိုမိုရရှိစေရန် ကော့သောင်း၊ မြိတ်စသည့်မြို့နယ်များတွင်လည်း ဆက်လက်ကျင်းပဆောင်ရွက်သွားရန် လျာထားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၀ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၀ | ၂၄၄၅ | ၂၃၄၅ | ၂၃၅၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၉၀ | ၂၆၁၀ | ၂၇၆၀ |
| 95 Ron | ၂၃၇၀ | ၂၄၁၅ | ၂၄၁၅ | ၂၃၈၀ | ၂၄၁၅ | ၂၄၄၀ | ၂၄၂၅ | ၂၄၀၀ | ၂၄၉၅ | ၂၅၁၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၅ | ၂၆၇၅ | ၂၈၁၅ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၂၀ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၅၅ | ၂၇၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၉၀ | ၂၆၉၅ | ၂၉၁၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၆၄၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၈၅ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၄၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၆၄၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၈၅ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၄၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၈ | ၂၂၇၅ |
| 95 Ron | ၂၂၆၁ | ၂၃၄၀ |
| HSD (500 ppm) | ၂၄၉၄ | ၂၅၇၃ |
| HSD (50 ppm) | ၂၅၂၂ | ၂၆၀၂ |
| HSD (10 ppm) | ၂၅၂၂ | ၂၆၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်**

**နေပြည်တော် ဇွန် ၁၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဗင်နီဇွဲလားသမ္မတ မာဒူရို အီရန်သမ္မတနှင့် တွေ့ဆုံရန် တီဟီရန်သို့ရောက်ရှိ

တီဟီရန် ဇွန် ၁၀

**ဗင်နီဇွဲလားသမ္မတ နီကိုလက်စ်မာဒူရိုသည် အီရန်သမ္မတ အီဘရာဟင်ရိုင်စီနှင့် ဆွေးနွေးမှုပြုလုပ်ရန် ဇွန် ၁၀ ရက်က တီဟီရန်သို့ရောက်ရှိလာခဲ့ကြောင်း နိုင်ငံပိုင်သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**

ရိုင်စီ၏ ဖိတ်ကြားချက်အရ မာဒူရိုသည် အီရန်နိုင်ငံသို့ နှစ်ရက်ကြာ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း တရားဝင် သတင်းအေဂျင်စီတစ်ခုဖြစ်သည့် အိုင်အာရ်အင်န်အေက ဖော်ပြသည်။

ခေါင်းဆောင်နှစ်ဦးကြား ဆွေးနွေးမှုများကို ဇွန် ၁၁ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ ထို့အပြင် နှစ်ဖက်အဆင့်မြင့် ကိုယ်စားလှယ်များလည်း ဆွေးနွေးပွဲ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဗင်နီဇွဲလား ဆိုရှယ်လစ်ခေါင်းဆောင် ဟူဂို ချာဗက်ဇ် လက်ထက်ကတည်းက ရေနံထုတ်လုပ်သည့် နိုင်ငံများကြား နှစ်နိုင်ငံဆက်ဆံမှုသည် ခိုင်မာအားကောင်းလျက်ရှိပြီး မာဒူရိုလက်ထက်တွင် နှစ်နိုင်ငံဆက်ဆံရေးမှာ ပိုမိုခိုင်မြဲလာခဲ့သည်။

အီရန်နိုင်ငံသည် ယခုသီတင်းပတ်အတွင်း မာဒူရို သွားရောက်လည်ပတ်ခဲ့သည့် တတိယ မြောက် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အေအက်ဖ်ပီ



တီဟီရန်သို့ရောက်ရှိလာသော ဗင်နီဇွဲလားသမ္မတကို အီရန်ကာကွယ်ရေးဝန်ကြီး ကြိုဆိုနေစဉ်။

# အစ္စရေးတို့ လေကြောင်းတိုက်ခိုက်ပြီးနောက် ဒမတ်စကတ်လေဆိပ် လေကြောင်းလိုင်းများကို ဆီးရီးယားရပ်ဆိုင်း

**ဒမတ်စကတ် ဇွန် ၁၀**

အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး အရပ်သားတစ်ဦးဒဏ်ရာရရှိခဲ့ကာ လေဆိပ်ပြေးလမ်းတစ်ခု ပျက်စီးခဲ့ပြီးနောက် ဆီးရီးယားမြို့တော်သို့ ဝင်ထွက် သွားလာလျက်ရှိသော လေကြောင်းခရီးစဉ်များအားလုံးကို ဇွန် ၁၀ ရက်က ရပ်ဆိုင်းလိုက်ခဲ့ကြောင်း အစိုးရက ပြောသည်။

၂၀၁၁ ခုနှစ်တွင် ဆီးရီးယား၌ ပြည်တွင်းစစ် စတင်ခဲ့ချိန်ကတည်းက အစ္စရေးတို့က အစိုးရတပ်ဖွဲ့များသာမက အီရန်ထောက်ခံ တပ်ဖွဲ့ဝင်များနှင့် ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများကို ဦးတည်ချက်ထားပြီး လေကြောင်းတိုက်ခိုက်မှု ရာပေါင်းများစွာ ပြုလုပ်ခဲ့သည်။ သို့သော်လည်း အဆိုပါတိုက်ခိုက်မှုများသည် လေကြောင်းခရီးစဉ်များကို နှောင့်ယှက်မှု မရှိသလောက်ဖြစ်ခဲ့သည်။

ဆီးရီးယား လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က နောက်ဆုံး လေကြောင်းတိုက်ခိုက်မှုကို ဇွန် ၁၀ ရက် အရုဏ်တက်ချိန် မတိုင်မီက စတင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ဒမတ်စကတ် လေဆိပ်အနီး ဟစ်ဇ်ဘိုလာတို့ ပိုင်ဆိုင်သော လက်နက်သိုလှောင်ရုံ သုံးခုကို ထိခိုက်ခဲ့ပြီး အီရန်ထောက်ခံ တပ်ဖွဲ့ဝင်များလည်း ထိခိုက်ခဲ့ကြောင်း ပြောသည်။

နည်းပညာပိုင်းဆိုင်ရာ နှောင့်ယှက် ဟန့်တားမှုများကြောင့် ဒမတ်စကတ် နိုင်ငံတကာလေဆိပ်ကို ဝင်ထွက်သွားလာလျက်ရှိသော လေကြောင်းခရီးစဉ်များအားလုံးကို ရပ်ဆိုင်းလိုက်ကြောင်း ဆီးရီးယား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ယင်းနေ့ နောက်ပိုင်းတွင် ကြေညာခဲ့သည်။

လေကြောင်း ခရီးစဉ်များနှင့် လေဆိပ်လုံခြုံစိတ်ချရပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ငန်းများ ပြန်လည် လည်ပတ်ဆောင်ရွက်နိုင်ချိန်မှသာ လေကြောင်းလိုင်းများကို ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် လေဆိပ်ထိခိုက်မှုရှိခဲ့ကြောင်း လေဆိပ်ဝန်ထမ်းတစ်ဦးက အေအက်ဖ်ပီသို့ ပြောသည်။

အေအက်ဖ်ပီ




ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ နိုင်ငံတကာလေဆိပ်၌ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ကာဂျစ္စတန်နိုင်ငံ၌ ယာဉ်မတော်တဆမှုဖြစ်ပွား လေးဦးသေဆုံး

ကာဂျစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ဇွန် ၁၀ ရက်က ခရီးသည်တင်ယာဉ်တစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီး ယာဉ်တိုက်မှုဖြစ်ပွားရာ လေးဦးသေဆုံးကြောင်း သိရသည်။ ခရီးသည်တင်ယာဉ်မောင်းမှာ အိပ်ပျော်သွားပြီး လမ်းကြားထဲသို့မောင်းဝင်ကာ ကုန်တင်ယာဉ်တစ်စီးနှင့် တိုက်မိသွားကြောင်း၊ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ခရီးသည်တင် ယာဉ်မောင်းအပါအဝင် ခရီးသည် သုံးဦးသေဆုံးသွားကြောင်း ယာဉ်ထိန်းရဲ၏ ပြောကြားချက်အရ သိရသည်။

### အာဖဂန်နစ္စတန်နိုင်ငံအလယ်ပိုင်း၌ ယာဉ်မတော်တဆမှုဖြစ်ပွားသဖြင့် ၁၀ ဦး သေဆုံး

အာဖဂန်နစ္စတန်နိုင်ငံအလယ်ပိုင်း ဒေးခွန်ဒီပြည်နယ်၌ မီနီဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာ ခရီးသည် ၁၀ ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိကြောင်း ဇွန် ၁၀ ရက်က နိုင်ငံပိုင်မီဒီယာတစ်ခုတွင် ဖော်ပြထားသည်။ အဆိုပါ ယာဉ်မတော်တဆမှုမှာ မီရာမောခရိုင် လူစည်ကားရာလမ်းတစ်ခုပေါ်တွင် ဇွန် ၁၀ ရက် နေ့လယ်ပိုင်းက ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

### ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် စီးပွားရေးမြှင့်တင်နိုင်မည်ဟု ဂျပန်နိုင်ငံ မျှော်လင့်

ပြည်တွင်းခရီးသွားလုပ်ငန်း ပြန်လည်စတင်ခြင်းသည် ဂျပန်နိုင်ငံ၏ ပြည်တွင်းစီးပွားရေးကို ပြန်လည်အသက်ဝင်လာစေရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ အစိုးရအဖွဲ့ အတွင်းဝန်ချုပ် မက်ဆူနို ဟီရိုကာဇူက မျှော်လင့်လျက်ရှိကြောင်း ပြောကြားသည်။

ဂျပန်နိုင်ငံသည် သောကြာနေ့တွင် ၎င်း၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေး နယ်စပ်ထိန်းချုပ်မှုများကို ဖြေလျှော့ခဲ့ပြီး နိုင်ငံရပ်ခြားမှ ခရီးသွားများကို စတင်လက်ခံခဲ့သည်။

# အိန္ဒိယ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၄၃၂၀၅၁၀၆ ဦးရှိလာ

**နယူးဒေလီ ဇွန် ၁၀**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၇၅၈၄ ဦး ထပ်မံတွေ့ရှိသဖြင့် ဇွန် ၁၀ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၄၃၂၀၅၁၀၆ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် စာရင်းအချက်အလက်များအရ သိရသည်။

ဇွန် ၉ ရက် နံနက်ပိုင်းမှစတင်ကာ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၄ ဦးရှိသဖြင့် အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်းမှာ ၅၂၄၇၄၇ ဦးရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# အီတလီ၌ ဝက်နှစ်ကောင် ဝက်တုပ်ကွေးရောဂါဖြစ်ပွား ဝက်ကောင်ရေ ၁၀၀၀ ကို သုတ်သင်ရှင်းလင်းမည်

**ရောမ ဇွန် ၁၀**

အီတလီနိုင်ငံ ရောမမြို့ လာဇီယိုဒေသ မွေးမြူရေးခြံတစ်ခုရှိ ဝက်နှစ်ကောင်တွင် ဝက်တုပ်ကွေးကူးစက်မှု ဖြစ်ပွားပြီးနောက် ဝက်ကောင်ရေ ၁၀၀၀ ကို သုတ်သင်ရှင်းလင်းမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ဝက်သားထုတ်လုပ်မှုလုပ်ငန်း ထိခိုက်မည်ကို စိုးရိမ်မိကြောင်း ဇွန် ၁၀ ရက်တွင် အာဏာပိုင်များက ပြောကြားသည်။

ဒေသတွင်း ကျန်းမာရေးအာဏာပိုင်များသည် ဝက်ကောင်ရေ ၁၀၀၀ ခန့်ကို ရှင်းလင်းရမည်ဟု ခန့်မှန်းထားကြောင်း အန်ဂျီလို ဖာရာဝီက ပြောကြားသည်။

အီတလီနိုင်ငံ၌ ဝက်ကောင်ရေ ၈ ဒသမ ၉ သန်းခန့်ရှိပြီး ဥရောပတွင် သတ္တမမြောက်အကြီးဆုံး ဝက်သားထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။ အဆိုပါ လုပ်ငန်းသည် ယူရို ရှစ်ဘီလီယံ (ဒေါ်လာ ၉ ဒသမ ၁ ဘီလီယံ)ခန့်တန်ဖိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း Confagricoltura စိုက်ပျိုးရေးအသင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

လာဇီယိုဒေသ၌ ရောဂါကူးစက်ခံရသည့် ဝက်နှစ်ကောင်မှာ အီတလီနိုင်ငံရှိ မွေးမြူရေးဝက်များထဲတွင် ပထမဆုံးအာဖရိကဝက်တုပ်ကွေး ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါကူးစက်မှုမတိုင်မီ အီတလီမြောက်ပိုင်းနှင့် လာဇီယိုဒေသ၌ ဇန်နဝါရီလတွင် တောဝက်များ၌ ရောဂါကူးစက်ဖြစ်ပွားမှုများ တွေ့ရှိခဲ့သည်။

အဆိုပါ ဝက်တုပ်ကွေးရောဂါသည် အာဖရိကတွင် ဆယ်စုနှစ်များစွာ တည်ရှိနေခဲ့ခြင်းဖြစ်သည်။ ဗိုင်းရပ်စ်နှင့် ပတ်သက်သည့် ဒီဇင်ဘာ ၃ ရက် အစီရင်ခံစာတွင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစတင်၍ နိုင်ငံပေါင်း ၃၂ နိုင်ငံတွင် အာဖရိက ဝက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားကြောင်း အစီရင်ခံခဲ့သည်။

အေအက်ဖ်ပီ



## အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပမည် မြန်မာထိုင်လျက်ဘော်လီဘော ရွှေတံဆိပ်ဆုမျှော်မှန်း

**ရန်ကုန် ဇွန် ၁၀**

(၁၁) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မြန်မာ့လက်ရွေးစင် မသန်စွမ်း အားကစားသမားများ ထိုင်လျက်ဘော်လီဘောအသင်းသည် ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်း၌ ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၂၂ ခုနှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ လေ့ကျင့်ရေးစခန်းမှာ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်ကနေစပြီးတော့ ဒီကစားသမားတွေကို ခေါ်ယူပြီးတော့မှ အားကစားတွေကို ပြန်စတယ်။ လေ့ကျင့်ချိန်က အခုချိန်ထိဆို ခုနစ်လကျော်ပြီ။ ပြိုင်ပွဲကလည်း တော်တော် နီးကပ်နေပြီ။ ဘော်လီဘောဆိုရင် (၁၀) ကြိမ်မြောက်က ၂၀၁၉ ဖိလစ်ပိုင်မှာ ကိုဗစ်နဲ့ ပျက်သွားခဲ့တယ်။ ကျွန်တော်တို့ ဘော်လီဘောအသင်းက ရွှေနှစ်ကြိမ်ရထားတယ်။ အခုတစ်ကြိမ်ရရင် သုံးကြိမ်မြောက် ဆက်တိုက်ဖြစ်ပါတယ်။ ဘော်လီဘောအနေနဲ့က ဆုတံဆိပ်တစ်ခု ကျိန်းသေဝင်မှာပါ။ ရွှေကို အဓိကရအောင် ကျွန်တော်တို့ ပြင်ဆင်ထားပါတယ်။ သုံးကြိမ်ဆက်တိုက်ဆိုတဲ့ဂုဏ်ကို လိုချင်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့တွေ တော်တော်လေး အားထည့်လုပ်ဆောင်နေကြပါတယ်" ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမင်းနိုင်ဦးက ပြောသည်။



မြန်မာ့လက်ရွေးစင် မသန်စွမ်းအားကစားသမားများ ထိုင်လျက်ဘော်လီဘော လေ့ကျင့်နေစဉ်။

အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မြားပစ်၊ ပြေးခုန်ပစ်၊ Goalball ၊ ရေကူး၊ ဘောလုံး၊ ထိုင်လျက်ဘော်လီဘောနှင့် အလေးမ အားကစားနည်းများ၌ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ ယခင်က ထိုင်လျက် ဘော်လီဘောပြိုင်ပွဲ ပါဝင်ခြင်းမရှိသော်လည်း အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် ပြောင်းလဲကျင်းပရန် ဆုံးဖြတ်ပြီးနောက် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ၂၀၀၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲ အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည်။ မြန်မာမသန်စွမ်း အားကစားအဖွဲ့အနေဖြင့် ပြိုင်ပွဲတစ်လျှောက် ရွှေတံဆိပ် ၁၈၁ ဆု၊ ငွေတံဆိပ် ၁၃၂ ဆု၊ ကြေးတံဆိပ် ၁၄၄ ဆု ဆွတ်ခူးထားကြောင်း သိရသည်။

၂၀၁၇ ခုနှစ်က နောက်ဆုံးကျင်းပခဲ့သည့် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ရွှေ ၁၁ ဆု၊ ငွေ ၁၅ ဆု၊ ကြေး ၁၇ ဆု ဆွတ်ခူးရရှိခဲ့သည်။

**အာကာစိုး**

## ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအပါအဝင် ကိုးသင်းယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၁၀**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအပါအဝင် စုစုပေါင်း ကိုးသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ခ) တွင် ပါဝင်နေသည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အုပ်စု (ခ) တွင် ဩစတြေးလျ၊ မြန်မာ၊ မလေးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်နေသည်။ မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်ပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်လျက်ရှိသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၄ ခုနှစ်က အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲအဖြစ် တစ်ကြိမ်သာ ကျင်းပခဲ့ဖူးပြီး ရှစ်နှစ်အကြာတွင် ဒုတိယအကြိမ် ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ယခုနှစ် ပြန်လည်ကျင်းပမည့် ပြိုင်ပွဲကို အာဆီယံ ယူ-၁၈ ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။၂၀၁၄ ခုနှစ်က ပထမအကြိမ်ကျင်းပသည့်ပြိုင်ပွဲတွင် ထိုင်းအသင်းက ဗီယက်နမ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး မြန်မာအသင်းက တတိယဆုရရှိခဲ့သည်။

**ရဲရင့်လွင်**

## မြဝတီ၊ ကွတ်ခိုင်နှင့် မောင်တောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်တွင် မမှူးသောက်အိမ် (ခ)မဘီ ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း၊ ထိုနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကွတ်ခိုင်မြို့ အမှတ်(၄)ရပ်ကွက်နေ မဟောင်ကွေ့ချိန် ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၀၃ ကီလိုတို့ကိုလည်းကောင်း။

ဇွန် ၈ ရက် နံနက် ၁၁ နာရီခွဲတွင် မောင်တောမြို့နယ် သီဟိုဠ်ကျွန်းကျေးရွာအုပ်စု ဟာဘီ(အလယ်) ကျေးရွာအနီးတွင် စိုးအောင်သိန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်သူများဖြစ်ကြသည့် မစိုးစိုးအေး (ခ) မိုးမိုးအေး (ခ) စိုးစိုး၊ ဝင်းချေနှင့် အောင်နီလာတို့ သုံးဦးကို မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်၌ လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် စိန်လှထွန်း၊ အောင်မျိုးဝင်းနှင့် အောင်ချမ်းအေးတို့ သုံးဦးကို မောင်တောမြို့ (၃)မိုင်ရပ်ကွက်ရှိ ဈေးဆိုင်တန်း၌ မော်တော်ဆိုင်ကယ် နှစ်စီးဖြင့်လည်းကောင်း၊ မွန်းလွဲ ၃ နာရီခွဲတွင် ခိုင်မျိုးလင်း ကို မောင်တောမြို့နယ်၊ (ဒု) ချီးယားကျေးရွာအုပ်စု ခရေမြိုင်ကျေးရွာရှိ သန်းဝင်း၏နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၉၃၀ ဖြင့်လည်းကောင်း၊ ညနေ ၄ နာရီ မိနစ် ၂၀ တွင် ဇော်မီ ကို မောင်တောမြို့ မြို့မအနောက်ရပ်ကွက်ရှိ နာရီစင်အနီး၌လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းအကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်တောင်းတံတားနှင့် ညောင်ခါးရှည်အကြား ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ဇွန် ၉ ရက်နှင့် ၁၀ ရက်တို့တွင် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ (၁၄ ဒသမ ၉၅၇၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၈၄၀၂)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၁၈၄၀၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆပ်ပြာမှုန့်ထုပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ကားတာယာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲခြောက်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၆၈၄၀၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မော်လမြိုင်ကျွန်း တုံးလုံ့ချောင်းမြစ်အတွင်းစက်လှေတစ်စင်း မီးလောင်

**မော်လမြိုင်ကျွန်း ဇွန် ၁၀**

မော်လမြိုင်ကျွန်းမြို့မှ အောက်မရမ်းချောင်းကျေးရွာသို့ စက်လှေမောင်း ဦးထွန်းထွန်းလတ် (၄၅နှစ်) မောင်းနှင်ပြီး ဒီဇယ် တစ်ပီပါ တင်ဆောင်လာသည့် မျှော်ရင်ရောက်ပြီ အမည်ရှိ စက်လှေသည် ဇွန် ၉ ရက် ညနေ ၆နာရီ ၂၅ မိနစ်တွင် မော်လမြိုင်ကျွန်းမြို့ အမှတ် (၉) ရပ်ကွက် တုံးလုံ့ချောင်းမြစ်အတွင်း၌ မီးလောင်မှုဖြစ်ပွားနေကြောင်း တာဝန်သိပြည်သူတစ်ဦးက မြို့နယ်မီးသတ်စခန်းသို့ သတင်းပေးပို့ အကြောင်းကြားခဲ့သဖြင့် မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးဇော်နှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ် (၉) ရပ်ကွက် ဒေသခံပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ည ၇ နာရီတွင် မီးငြိမ်းသွားသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ ဂက်(စ်)မီးဖိုဖြင့် ထမင်းချက်ထားရာမှ အနီးရှိဒီဇယ်ပီပါသို့ မီးကူးစက်လောင်ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် စက်လှေမောင်း ဦးထွန်းထွန်းလတ်မှာ ခြေသလုံးနှင့် လက်များ မီးလောင်ဒဏ်ရာရရှိပြီး မော်လမြိုင်ကျွန်းမြို့နယ် ခုတင် ၁၀၀ ဆေးရုံသို့ တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ စက်လှေမောင်း ထွန်းထွန်းလတ် (၄၅ နှစ်)အား မော်လမြိုင်ကျွန်းမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

**မော်ကျွန်းမြင့်အောင်**



မီးလောင်နေသည့် စက်လှေအား တွေ့ရစဉ်။

# ဇွန် ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၀ ရာခိုင်နှုန်းရှိ

**(၁၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၆၄,၅၅၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၄၂၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၄၀၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၆၃) ခု | (၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၅၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၁၁) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၃၇) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၆၀၉) ခု | (၁)ဦး |
| စုစုပေါင်း | (၅,၈၇၂) ခု | (၁၂)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၀-၆-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၁၁၄၇၄၀ | ၈၂၉၃၅၄၂ | ၁၀၃၅၃၂၀ |
| ၂။ | အိန္ဒိယ | ၄၃၂၀၇၂၆၅ | ၄၂၆၄၄၀၉၂ | ၅၂၄၇၄၇ |
| ၃။ | ဘရာဇီး | ၃၁၃၆၀၈၅၀ | ၃၀၁၅၈၂၅၆ | ၆၆၇၈၄၉ |
| ၄။ | ပြင်သစ် | ၂၉၇၅၃၃၇၀ | ၂၉၁၆၆၇၆၈ | ၁၄၈၇၁၀ |
| ၅။ | ဂျာမနီ | ၂၆၇၂၇၈၇၄ | ၂၅၈၅၀၄၀၀ | ၁၄၀၀၀၉ |
| ၆။ | ဗြိတိန် | ၂၂၃၇၃၁၄၆ | ၂၂၀၁၃၈၄၆ | ၁၇၉၁၆၅ |
| ၇။ | ရုရှား | ၁၈၃၆၉၅၅၇ | ၁၇၇၈၆၂၅၄ | ၃၇၉၈၈၃ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၀၉၆၅၀ | ၁၇၉၄၃၃၄၉ | ၂၄၃၄၁ |
| ၉။ | အီတလီ | ၁၇၅၈၉၅၉၅ | ၁၆၇၉၇၁၂၅ | ၁၆၇၂၅၃ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

## ၁၀-၆-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၂၉၆၈၁ | ၉၅၄၀၅၉၈ | ၄၃၀၈၂ |
| အင်ဒိုနီးရှား | ၆၀၅၉၃၆၃ | ၅၈၉၈၃၈၄ | ၁၅၆၆၃၈ |
| မလေးရှား | ၄၅၂၀၈၅၂ | ၄၄၆၃၀၇၀ | ၃၅၇၀၈ |
| ထိုင်း | ၄၄၇၉၈၈၈ | ၄၄၂၅၀၄၆ | ၃၀၂၈၉ |
| ဖိလစ်ပိုင် | ၃၆၉၂၆၁၇ | ၃၆၂၉၄၅၉ | ၆၀၄၆၁ |
| စင်ကာပူ | ၁၃၃၂၆၅၆ | ၁၂၄၉၅၀၉ | ၁၃၉၆ |
| မြန်မာ | ၆၁၃၄၂၇ | ၅၉၂၄၀၁ | ၁၉၄၃၄ |
| လာအို | ၂၁၀၁၃၈ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၅၂၃၂၀ | ၁၄၉၂၄၃ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့် (၂၀) ကြာဆေးကြောပါ။

# ရွေးကောက်ပွဲစက်ဝန်းပါ လုပ်ငန်းဆောင်တာများ

မောင်ကောင်းဆု




**ဒီမိုကရေစီနှင့်ရွေးကောက်ပွဲ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇ တွင် **နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်** ဟု ဖော်ပြထားသည်။ ဒီမိုကရေစီ ကျင့်သုံးရာတွင်လည်း Direct Democracy နှင့် Representative Democracy ဟု နှစ်မျိုးရှိရာ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံအများစုသည် ကိုယ်စားပြုဒီမိုကရေစီစနစ်(Representative Democracy System) ကို ကျင့်သုံးကြသည်။ ယင်းစနစ်အရ ပြည်သူများက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ခံရသည့် ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံ၏အချုပ်အခြာအာဏာကို ပြည်သူ့ကိုယ်စားကျင့်သုံးကြခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် ရွေးကောက်ပွဲများသည် အဓိကကျသည့် အခြေခံအုတ်မြစ်ဖြစ်သည်ဟု မှတ်ယူရပါမည်။

ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့် မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပရန်တာဝန်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဖြစ်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၃၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်မြို့နယ်လျှင် နှစ်ဦးစီနှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ပေးရပါမည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့ တစ်ရက်တည်းတွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၃၃၀၊ ရပ်ကွက်/ ကျေးရွာအုပ်စုပေါင်း ၁၇၀၀၀ ခန့်ရှိ မဲရုံပေါင်း လေးသောင်းကျော်တွင် မဲဆန္ဒရှင်ပြည်သူပေါင်း သန်း ၃၀ ခန့်က ဆန္ဒမဲပေးခြင်းကို စနစ်တကျပြီးမြောက်အောင် ဆောင်ရွက်ရသည့် လုပ်ငန်းပမာဏကို စဉ်းစားကြည့်လျှင် သိနိုင်ပါသည်။

**ရွေးကောက်ပွဲစက်ဝန်း**

ရွေးကောက်ပွဲကျင်းပသည့် ရက်ပိုင်းတွင်သာ အလုပ်ရှိသည်ဟုထင်ရသော ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏ လုပ်ငန်းတာဝန်ဟူသည် ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုကြား၊ အကြားအလပ်မရှိ တစ်ဆက်တည်းရှိနေ၏။ ဤသဘောသရုပ်ကို ရွေးကောက်ပွဲရာသီစက်ဝန်း (Electoral Circle) ဖြင့် ဖော်ပြကြပြီး အချိန်ကာလအားဖြင့် အောက်ပါအတိုင်း ပိုင်းခြားသတ်မှတ်ထားပါသည်-

(က) ရွေးကောက်ပွဲအကြိုကာလ (PRE-ELECTION PERIOD)

( ခ ) ရွေးကောက်ပွဲကာလ (ELECTION PERIOD)

( ဂ ) ရွေးကောက်ပွဲအလွန်ကာလ (POST ELECTION PERIOD) တို့ဖြစ်ပြီး

သက်ဆိုင်ရာ အချိန်ကာလအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများစွာ ရှိကြပါသည်။

**ရွေးကောက်ပွဲအကြိုကာလလုပ်ငန်းများ**

ရွေးကောက်ပွဲတစ်ခု ကျင်းပပြီးနောက် ဆောင်ရွက်ရမည့် ရွေးကောက်ပွဲအလွန်ကာလ လုပ်ငန်းများပြီးစီးချိန်မှ နောက်ကျင်းပမည့် ရွေးကောက်ပွဲအတွက် နေ့ရက် သတ်မှတ်သော ကြေညာချက်ထုတ်ပြန်သည့်ရက်နေ့အထိ ကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည်။ သက်ဆိုင်ရာလုပ်ငန်းအလိုက် အသေးစိတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှင့် ပြီးစီးရမည့်အချိန်ကာလကို လျာထားသတ်မှတ် စီမံဆောင်ရွက်ရသည်။ ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းများစွာရှိသည့်အနက် အရေးကြီးသည်များကို ထုတ်နုတ်ဖော်ပြပါမည်။

**ဥပဒေမူဘောင်ပြင်ဆင်ရေးသည်** အရေးကြီးပြီး အဓိကထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်။ ယခင်ရွေးကောက်ပွဲ အတွေ့အကြုံအရ အားနည်းအားသာချက်များ၊ ပြည်တွင်းနှင့်နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့များ၏ အကြံပြုချက်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုတင်ပြချက်များ၊ ကော်မရှင်အဖွဲ့ခွဲအသီးသီးက လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခက်အခဲများ၊ ပြန်လည်သုံးသပ်သည့် အစည်းအဝေးတွေ့ရှိချက်နှင့် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်မှုများကို ဆန်းစစ်လေ့လာသုံးသပ်ပြီး မိမိနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီလက်တွေ့ကျင့်သုံးနိုင်မည့်ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းရေး ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဥပဒေပြုရေး လုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့်ဆောင်ရွက်ခြင်းမှသည် အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေ၊ နည်းဥပဒေများကို ပုံနှိပ်ထုတ်ဝေဖြန့်ချိရေးအထိ လုပ်ငန်းစဉ်များကို အချိန်ကိုက်ဆောင်ရွက်ရပါသည်။

အလားတူ လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခြင်းနှင့်ကြီးကြပ်ခြင်း ဆောင်ရွက်ရမည့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်မှ ရပ်ကွက် / ကျေးရွာအဆင့်အထိ **ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် သင်တန်းများဖွင့်လှစ်ပို့ချခြင်းများဆောင်ရွက်ရသည်။ ကော်မရှင်ရုံးအဆင့်ဆင့်ရှိ ဝန်ထမ်းများ ဖြည့်တင်းခန့်ထားခြင်း၊ စွမ်းရည်မြှင့်တင်ခြင်း**များကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရသည်။ ပြည်သူလူထုနှင့်မဲဆန္ဒရှင်များအား **ရွေးကောက်ပွဲအသိပညာပေးဆောင်ရွက်ခြင်း**ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြင်ပမီဒီယာများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်ရပါသည်။

ထို့အတူ အချိန်ကာလအလိုက်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အချိန်မီပြီးမြောက်ရန်အတွက်လိုအပ်သော အသုံးစရိတ်များ ရရှိရေး **ဘဏ္ဍာငွေ လျာထားတောင်းခံခြင်း၊** ရွေးကောက်ပွဲတွင် အသုံးပြုမည့် **မဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲစာအိတ်များ ရိုက်နှိပ်ရေး** သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဆန္ဒပြုတံဆိပ်တုံး၊ ပလတ်စတစ်ခြင်းတောင်း၊ ချိပ်ထိုးတံဆိပ် အစရှိသည်များ အပါအဝင် **ရွေးကောက်ပွဲအထောက်အကူပြု ပစ္စည်းများ ဖြည့်တင်းရေး** စီမံဆောင်ရွက်ရသည်။

လွှတ်တော်သက်တမ်းအသစ်တစ်ရပ်အတွက် ကျင်းပပြုလုပ်သော အထွေထွေရွေးကောက်ပွဲဖြစ်ပါက တည်ဆဲဥပဒေပြဋ္ဌာန်းချက်များ၊ အသုံးပြုသည့်ရွေးကောက်ပွဲစနစ်တို့နှင့်အညီ **မဲဆန္ဒနယ်များ သတ်မှတ်ခြင်း** ကို ဆောင်ရွက်ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ ရပ်/ ကျေးများ လက်ရှိပြင်ဆင်ဖွဲ့စည်းထားရှိမှု၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ဝေသော တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များစာရင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်သည့်လူဦးရေစာရင်းနှင့် **တိုင်းရင်းသားလူမျိုးစာရင်းများကို ရယူ**အခြေခံရသည်။ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကို မြေပြင်အခြေအနေနှင့် တိုက်ဆိုင်စစ်ဆေးစေပြီး မဲဆန္ဒနယ်များ ကြိုတင်လျာထားခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရသည်။

ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းများအနက် အရေးကြီးပြီး ပမာဏကြီးမားသည့် လုပ်ငန်းစဉ်မှာ **မဲဆန္ဒရှင်စာရင်း ပြုစုရေးဆောင်ရွက်ခြင်း** ဖြစ်သည်။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ရရှိရန်အတွက် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးများထံမှ အခြေခံစာရင်းများကိုရယူပြီး ပူးပေါင်းပြုစုခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရန်အတွက် ဝန်ထမ်းအင်အားစုဖွဲ့ခြင်း၊ မဲဆန္ဒရှင်စာရင်းရေးသွင်းခြင်းနှင့် Software ဆိုင်ရာ သင်တန်းများပေးခြင်းနှင့် လက်တွေ့ဆောင်ရွက်ခြင်းများကို သတ်မှတ်အချိန်ဇယားအတိုင်း ဆောင်ရွက်ရသည်။ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် အကြိမ်ကြိမ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရသည်။

ထို့အပြင် မဲဆန္ဒရှင်စာရင်းပြုစုခြင်းအပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုခြင်းဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့်ကျင့်ဝတ်များ၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ **နိုင်ငံရေးပါတီများကိုတွေ့ဆုံဆွေးနွေးခြင်းများ** ဆောင်ရွက်ရသည်။ တစ်ချိန်တည်းတွင်ပင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုအဖွဲ့အစည်းများ၊ **ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ထိတွေ့ဆက်ဆံခြင်း၊** ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ကျား/မ တန်းတူညီမျှရေး၊ တိုင်းရင်းသားများ၊ မသန်စွမ်းသူများအပါအဝင် အရည်အချင်း ကိုက်ညီသူ**အားလုံး ပါဝင်မှုမြှင့်တင်ရေး**တို့အတွက် သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရပါသည်။

အလားတူ ကျင်းပမည့်ရွေးကောက်ပွဲ၏ လွတ်လပ်တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့်အများယုံကြည်လက်ခံမှုရရှိရေးအတွက် **ပြည်တွင်းနှင့်နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ၊ သတင်းမီဒီယာများ**ကို လေ့လာခွင့်နှင့် သတင်းရယူခွင့်ပြုနိုင်ရေး ကြိုတင်ပြင်ဆင်ရသည်။ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **မဲဆန္ဒနယ်များ၏ လုံခြုံရေးအခြေအနေများစိစစ်ခြင်း၊ ရွေးကောက်ပွဲလုံခြုံရေးနှင့် ရွေးကောက်ပွဲကာလတွင် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲခြင်း** (Electoral Risk Management Tool) တို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ရသည်။

**ရွေးကောက်ပွဲကာလလုပ်ငန်းများ**

ရွေးကောက်ပွဲကျင်းပပြုလုပ်မည့် နေ့ရက်သတ်မှတ်သော ကြေညာချက်ထုတ်ပြန်သည့်နေ့မှ စတင်၍ ရွေးကောက်ပွဲကျင်းပပြီး ဆန္ဒမဲရလဒ်များ ရေတွက်၍ လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ထုတ်ပြန်ကြေညာပြီးချိန်အထိ ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည်။ အရေးကြီးပြီး သတ်မှတ်သည့် အချိန်ကာလအတွင်း အချိန်ကိုက်ပြီးစီးအောင်ဆောင်ရွက်ရသည်။ ပထမဦးစွာ ဆောင်ရွက်ရသည့်လုပ်ငန်းမှာ **ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် ကြေညာချက်များ ထုတ်ပြန်ခြင်း** ဖြစ်သည်။ ယင်းတွင် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်၊ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း၊ ရုပ်သိမ်းခြင်းနှင့်စိစစ်ခြင်းတို့ ပြုလုပ်မည့်နေ့ရက်များ၊ မဲစာရင်းထုတ်ပြန်ကြေညာမည့်ရက်များ၊ ပြည်ပရောက် မဲဆန္ဒရှင်များ အပါအဝင် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ပုံစံ (၁၅) ထုတ်ယူပေးပို့ရမည့်နေ့ရက်သတ်မှတ်ချက်များ၊ ကိုယ်စားလှယ်လောင်း အမည်စာရင်း ကြေညာချက်ကပ်ထားကြေညာမည့်ရက်၊ ပါတီစည်းရုံးရေး၊ နယ်မြေစည်းရုံးရေးနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာများ၊ မဲဆွယ်စည်းရုံးခြင်းရပ်နားရမည့်နေ့ရက်နှင့်အချိန် အစရှိသည်တို့ပါဝင်ပြီး သတ်မှတ်အချိန်ဇယားအတိုင်း ထုတ်ပြန်ခြင်းဖြစ်သည်။

အလားတူ ဆောင်ရွက်ရသည့်လုပ်ငန်းမှာ **မဲဆန္ဒနယ်များသတ်မှတ်ကြေညာခြင်း** ဖြစ်သည်။ ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်အတည်ပြုပြီးဖြစ်သည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်နှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ် စာရင်းများကို သတ်မှတ်ရက်အတိုင်း ထုတ်ပြန်ကြေညာရသည်။ ထို့အတူ မဲဆန္ဒနယ်များ၏လက်ရှိလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုအပါအဝင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်သည့်အခြေအနေ ရှိ၊ မရှိ အစရှိသည့် **မဲဆန္ဒနယ်များ၏လုံခြုံရေးအခြေအနေများစိစစ်ခြင်း**ကို သက်ဆိုင်ရာကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့သို့ အကြောင်းကြားညှိနှိုင်းဆောင်ရွက်ရသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အရေးကြီးသည့်အခြားလုပ်ငန်းစဉ်တစ်ခုမှာ ရွေးကောက်ပွဲတွင်အသုံးပြုမည့် **မဲဆန္ဒရှင်စာရင်းပြုစုခြင်း**ဖြစ်သည်။ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အတည်ပြုသတ်မှတ်သည့်နေ့ရက်များ အတိုင်း မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ကပ်ထားကြေညာခြင်း၊ ပြင်ဆင်ပြုစုခြင်း လုပ်ငန်းစဉ်များကိုဆောင်ရွက်ခြင်းဖြစ်သည်။ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ကပ်ထားကြေညာသည့်မဲစာရင်းများကိုကြည့်ရှုပြီး မိမိအမည်မပါကတောင်းဆိုခြင်း၊ မှားယွင်းမှုရှိပါက ပြင်ဆင်ခြင်းနှင့် မပါသင့်သူများပါနေပါက ကန့်ကွက်ခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ရသည်။ ထို့နောက် **မဲဆန္ဒရှင်စာရင်းနှင့်မဲရုံတည်နေရာများ အတည်ပြုသတ်မှတ်ခြင်း**ကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ရသည်။

ထို့အတူ **ရွေးကောက်ပွဲကာလလုံခြုံရေး**အတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်၍ လုံခြုံရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ တပ်မတော်၏လုံခြုံရေး အစောင့်အရှောက်ရယူရန် လိုအပ်သောနယ်မြေများအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် **ကာကွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း** မမျှော်လင့်သော ကိစ္စရပ်များဖြစ်ပေါ်လာပါက မဲဆန္ဒနယ်များအလိုက် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် **ရွေးကောက်ပွဲဘေးအန္တရာယ်စီမံခန့်ခွဲခြင်း**ကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် ကြိုတင်ညှိနှိုင်းပြင်ဆင်ရသည်။

အလားတူ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများ စနစ်တကျရှိရေးနှင့် မဲဆွယ်စည်းရုံးရေးကာလအတွင်း အငြင်းပွားမှု၊ ဆူပူအကြမ်းဖက်မှုများမဖြစ်စေရေး **ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်း**ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်ရသည်။ ထို့အတူ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာ **ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း**များလုပ်ဆောင်ရသည်။ တစ်ချိန်တည်းတွင် **လွှတ်တော်ကိုယ်စားလှယ်လောင်းများစိစစ်အတည်ပြုခြင်း**ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ သတ်မှတ်ကာလအတွင်း **မဲဆွယ်စည်းရုံးခွင့်ပြုခြင်း**တို့ လုပ်ဆောင်ရသည်။

ထို့အပြင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ဝန်ထမ်းများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ပိုမိုကျွမ်းကျင်မှုရှိရန် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များဆိုင်ရာ **မွမ်းမံသင်တန်းများဖွင့်လှစ်ပို့ချခြင်း**နှင့် ပြည်သူလူထုနှင့်မဲဆန္ဒရှင်များအား **ရွေးကောက်ပွဲအသိပညာပေးဆောင်ရွက်ခြင်း**လုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြင်ပမီဒီယာများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည်။ ရွေးကောက်ပွဲအသုံးစရိတ်ကို **ဘဏ္ဍာနှစ်အလိုက် လျာထားတောင်းခံခြင်း**နှင့် ခွဲဝေချထားခြင်း၊ **မဲလက်မှတ်နှင့် ကြိုတင်မဲစာအိတ်များရိုက်နှိပ်ရေး**နှင့် လျာထားရက်များအတိုင်း ထုတ်ယူရရှိပြီး ဖြန့်ဝေပေးနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရသည်။ **မဲလက်မှတ်နှင့်စာအိတ်များပေးပို့ခြင်း၊ မဲရုံသုံးအထောက်အကူပစ္စည်းများ ဖြန့်ဝေပေးပို့ခြင်း**များ စီမံဆောင်ရွက်ရပြီး လမ်းခရီးနှင့်ဆက်သွယ်ရေးခက်ခဲသောဒေသများသို့ ပို့ဆောင်ရာတွင် သတ်မှတ်ကာလအတွင်း ရောက်ရှိရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး တပ်မတော်ပိုင်လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘောများဖြင့် ပို့ဆောင်ပေးရသည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်မှု မြှင့်တင်ရေးလုပ်ငန်းစဉ်အရ လူမှုအဖွဲ့အစည်းများ၊ ကဏ္ဍစုံမှပူးပေါင်းဆောင်ရွက်သည့် ဌာန/အဖွဲ့အစည်းများအပါအဝင် **ပြင်ပအဖွဲ့အစည်းများနှင့် ဆက်ဆံရေး**ကို ဆောင်ရွက်ရသည်။ နိုင်ငံရေးပါတီများ တည်ထောင်/မှတ်ပုံတင်ခွင့်ကိစ္စများ၊ ရွေးကောက်ပွဲတွင် အနည်းဆုံးဝင်ရောက်ယှဉ်ပြိုင်ရမည့် မဲဆန္ဒနယ်သတ်မှတ်ချက်နှင့် **နိုင်ငံပိုင်မီဒီယာများမှဟောပြောထုတ်လွှင့်ခွင့်** ကိစ္စများနှင့်စပ်လျဉ်း၍ **နိုင်ငံရေးပါတီများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး**ရသည်။ သတ်မှတ်မဲဆန္ဒနယ်အရေအတွက် မယှဉ်ပြိုင်နိုင်သော **နိုင်ငံရေးပါတီများကို ဖျက်သိမ်းခြင်း**များ ဆောင်ရွက်ရသည်။

ထို့အတူ ရွေးကောက်ပွဲတွင် အဓိကပါဝင်ဆောင်ရွက်ရမည့် **မဲရုံအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊** တစ်နိုင်ငံလုံးရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံဝန်ထမ်းပေါင်း ငါးသိန်းခန့်ကို မဲရုံလုပ်ငန်းဆိုင်ရာသင်တန်းများပို့ချရသည်။ မသန်စွမ်းသူများအပါအဝင် မဲဆန္ဒရှင်များ မဲရုံများတွင် **အဆင်ပြေစွာ မဲပေးနိုင်ရေးညွှန်ကြားခြင်း**များ ဆောင်ရွက်ရသည်။

ထို့နောက် **မဲဆန္ဒနယ်ပြင်ပကြိုတင်ဆန္ဒမဲပေးခြင်း** လုပ်ငန်းစဉ်အရ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသော မဲဆန္ဒရှင်များနှင့် ပြည်တွင်းရှိ မဲဆန္ဒနယ်ပြင်ပရောက်နေသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရသည်။ ၎င်းနောက် **မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်း**ကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများက ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ **မီဒီယာများသတင်းရယူခွင့်**နှင့် ပြည်တွင်းပြည်ပ **ရွေးကောက်ပွဲလေ့လာရေးအဖွဲ့များလေ့လာခွင့်**တို့ကို သတ်မှတ်စည်းကမ်းနှင့်အညီ ခွင့်ပြုပေးရသည်။

အလားတူ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သင်တန်းများနှင့် မဲရုံအဖွဲ့ဝင်များ၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ဝင်များအတွက် အသုံးစရိတ်များ၊ သယ်ယူပို့ဆောင်စရိတ်၊ ရုံးသုံးစာရေးကိရိယာ အပါအဝင် ကုန်ကျမည့်**ဘဏ္ဍာငွေအသုံးစရိတ်များ**ကို သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အလိုက် အသေးစိတ်တွက်ချက်၍ ခွဲဝေချထားပေးရသည်။ ထို့အတူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ လစ်ဟာမှုနှင့် မှားယွင်းမှုမရှိရေး **ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ထပ်မံအသိပေးညွှန်ကြားခြင်း**များ ဆောင်ရွက်ရသည်။ ယင်းနောက်တွင်ကား ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ကြိုတင်ဆန္ဒမဲပေးပြီးသူများမှအပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ လာရောက်ဆန္ဒမဲပေးခြင်းဖြင့် **ရွေးကောက်ပွဲကျင်းပခြင်း**ဖြစ်သည်။ ၎င်းနောက် မဲရေတွက်ခြင်း၊ ရလဒ်စာရင်းများ ရေးသွင်းခြင်း၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က အတည်ပြုပေးပို့ခြင်းများ ဆောင်ရွက်ပြီးနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အတည်ပြုချက်ရယူပြီး **ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ထုတ်ပြန်ကြေညာ**ခြင်းဖြစ်သည်။

**❑ ယခင်ရွေးကောက်ပွဲ အတွေ့အကြုံအရ အားနည်းအားသာချက်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ လေ့လာရေးအဖွဲ့များ၏ အကြံပြုချက်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုတင်ပြချက်များ၊ ကော်မရှင်အဖွဲ့ခွဲအသီးသီးက လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခက်အခဲများ၊ ပြန်လည်သုံးသပ်သည့် အစည်းအဝေးတွေ့ရှိချက်နှင့် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်မှုများကို ဆန်းစစ်လေ့လာသုံးသပ်ပြီး မိမိနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီလက်တွေ့ကျင့်သုံးနိုင်မည့် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းရေး ဆောင်ရွက်ခြင်းဖြစ်သည်**

**ရွေးကောက်ပွဲအလွန်ကာလလုပ်ငန်းများ**

လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထပ်ဆင့်ကြေညာသည့်ရက်မှ ကိုယ်စားလှယ်အသိအမှတ်ပြုလွှာများ ထုတ်ပေးပြီးနောက် ကိုယ်စားလှယ်များ လွှတ်တော်တွင် ကတိသစ္စာပြုသည့်နေ့ရက်အထိ ကာလအတွင်း ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ရပ်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အတည်ပြုထုတ်ပြန်ထားသည့် တစ်နိုင်ငံလုံး၏ **လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထပ်ဆင့်ကြေညာ**ပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးပို့၍ နိုင်ငံပိုင်မီဒီယာများမှ သတင်းထုတ်ပြန်ခြင်းဖြစ်သည်။ အလားတူ လွှတ်တော်အသီးသီးသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ **ရွေးကောက်ပွဲကုန်ကျစရိတ်များ သတ်မှတ်ရက်အတွင်းတင်ပြရန် အသိပေးထုတ်ပြန်ကြေညာခြင်း**နှင့် တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားခြင်းများ ဆောင်ရွက်ရသည်။

ထို့အတူ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါ) အသီးသီး၏ **ရွေးကောက်ပွဲဆိုင်ရာ ရလဒ်စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို ထုတ်ပြန်ကြေညာခြင်း**များ ဆောင်ရွက်ရသည်။ အလားတူ လွှတ်တော်အသီးသီးအတွက် **တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း**များကို ကာကွယ်ရေးဝန်ကြီးဌာနမှ တောင်းခံပြီး ထုတ်ပြန်ကြေညာရသည်။ **ရွေးကောက်ပွဲအစီရင်ခံစာပြုစုခြင်း**ကို ရွေးကောက်ပွဲကျင်းပပြီးနောက် ၄၅ ရက်အတွင်း ဆောင်ရွက်၍ သက်ဆိုင်ရာဌာနများသို့ ပေးပို့ရသည်။

ဆောင်ရွက်ရသည့် အခြားလုပ်ငန်းများမှာ ရွေးကောက်ပွဲဆိုင်ရာပစ္စည်းများနှင့် မှတ်တမ်းများ ထိန်းသိမ်းရေး၊ လွှတ်တော်ကိုယ်စားလှယ်ကိုယ်ရေးမှတ်တမ်းအကျဉ်းချုပ်ပြုစုရေး၊ ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲကုန်ကျစရိတ်များ ပြုစုပေးပို့ရေးတို့အတွက် **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့အကြောင်းကြားခြင်း**များ ဆောင်ရွက်ရသည်။ အလားတူ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် **ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ခြင်း**များ ဆောင်ရွက်ရသည်။

ထိုနည်းတူ ဆောင်ရွက်ရသည့်လုပ်ငန်းမှာ ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ်၍ နောင်ပြုလုပ်မည့်ရွေးကောက်ပွဲများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် **ရွေးကောက်ပွဲအပြီးပြန်လည်သုံးသပ်ခြင်း**ကို သက်ဆိုင်သည့်ပုဂ္ဂိုလ်/အဖွဲ့အစည်းအားလုံးနှင့် ဆွေးနွေးဆောင်ရွက်ရသည်။ အလားတူ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ **ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေများနှင့်**စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရသည်။ ထို့အပြင် ရွေးကောက်ပွဲတွင် ပေါ်ပေါက်လာသော တရားမဲ့ပြုကျင့်မှုနှင့် အငြင်းပွားမှုများအတွက် တင်သွင်းလာသည့် **ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ**ကို ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့စည်း၍ စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်ရသည်။ ထိုနည်းတူစွာပင် အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွားသော လွှတ်တော်ကိုယ်စားလှယ်များနေရာတွင် **အစားထိုးဖြည့်တင်းခြင်း**ကို ဆက်လက်ဆောင်ရွက်ရပါသည်။

**နိဂုံး**

အထက်ဖော်ပြပါမြားမြောင်လှသည့် လုပ်ငန်းတာဝန်များမှာ ရွေးကောက်ပွဲစက်ဝန်းပါကာလသုံးပါးဖြစ်သည့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလတို့၌ ဆောင်ရွက်ရသည့်လုပ်ငန်းစဉ် အကျဉ်းမျှသာဖြစ်သည်။ ယင်းလုပ်ငန်းစဉ်များသည် ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုကြား အကြားအလပ်မရှိ တစ်ဆက်တစ်စပ်တည်းရှိနေကြသည်။ အချို့လုပ်ငန်းစဉ်များသည် ရွေးကောက်ပွဲစက်ဝန်းပါကာလတစ်ခုတည်းတွင်သာမက ကာလ နှစ်ခု/သုံးခုလုံးနှင့် အကျုံးဝင်ပြီး ဆက်လက်ဆောင်ရွက်ရသည်များလည်း ရှိပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်လျက်ရှိသည့် မိမိတို့နိုင်ငံတွင် နိုင်ငံသားအားလုံးသည် ဒီမိုကရေစီအခွင့်အရေးများတန်းတူရရှိမည်ဖြစ်သကဲ့သို့ လိုက်နာဆောင်ရွက်ရမည့် တာဝန်များလည်းရှိပါသည်။ ဤဒီမိုကရေစီ တာဝန်နှင့်အခွင့်အရေးကို မှန်ကန်စွာ ကျင့်သုံးလိုက်နာဆောင်ရွက်ရပါမည်။ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ ရွေးကောက်ပွဲလေ့လာသူများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲဆန္ဒရှင်ပြည်သူများအပါအဝင် နိုင်ငံသားအားလုံးသည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မိမိတို့တာဝန်ကို ကောင်းစွာသိရှိနားလည်ပြီး ကျေပွန်စွာ ဆောင်ရွက်ရန်လိုအပ်ပါသည်။

ရွေးကောက်ပွဲတစ်ခု၏စံနှုန်းကို လွတ်လပ်ပြီး တရားမျှတမှု ရှိ၊ မရှိ Free and Fair ဖြစ်၊ မဖြစ် ဟူသောပေတံဖြင့် တိုင်းတာကြသည်။ ရွေးကောက်ပွဲတွင်မဲဆန္ဒရှင်များသည် မည်သည့်ဖိအား၊ နှောင့်ယှက်မှုမပါဘဲ မိမိဆန္ဒကိုလွတ်လပ်စွာထုတ်ဖော်ခွင့်ရရှိရန်လိုအပ်သည်။ ထိုအခြေအနေမျိုးရရှိအောင်လည်း ဖန်တီးစီစဉ်ပေးရမည်ဖြစ်သည်။ အခြေခံလိုအပ်ချက်မှာ မဲဆန္ဒနယ်မြေများ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရှိရန်ဖြစ်သည်။ သက်ဆိုင်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အချုပ်အားဖြင့် တင်ပြလိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ပုဒ်ဖြစ်သည့် **"အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံသို့ " (Credible Elections Paving The Way To Democracy)** လှမ်းချီနိုင်ရေးနှင့် နိုင်ငံတော်၏မျှော်မှန်းချက်ဖြစ်သော **အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး** နိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာနေ ကျော်စိုးသည် ၎င်းအသုံးပြုသည့် “Kyaw Soe” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ ဟိန်းမင်းထက် (ခ)ဖိုးအောင်သည် ၎င်းအသုံးပြုသည့် “Hein Min Htet” Facebook အကောင့်နှင့် နေပြည်တော် ပျဉ်းမနားမြို့နယ်နေ အောင်ဇေယျ(ခ)အောင်အောင်သည် ၎င်းအသုံးပြုသည့် “Aung Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လူနာပို့ပြီး ပြန်လာသည့် လူနာတင်ယာဉ်အား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၁၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လူနာပို့ပြီး ပြန်လာသည့် လူနာတင်ယာဉ်အား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ပစ်ခတ်တိုက်ခိုက်**

ဖြစ်စဉ်မှာ ဇွန် ၉ ရက် ည ၁၀ နာရီ ၂၅ မိနစ်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လူနာတင်ယာဉ်တစ်စီးကို အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး သေဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ကို စိစစ်ခဲ့ရာ စစ်တောင်းကျေးရွာနေ ကိုအောင်မျိုးသူ မောင်နှင့်ပြီး တစ်ရွာတည်းနေ ကိုနေလင်းထွန်း (၄၂)နှစ် (၁) ဦးရဲအောင်၊ ကိုပြည့်ဖြိုးအောင်(၂၇) နှစ်(၁) ဦးမြဝင်းနှင့် ကိုကျော်ဇင်ဦး (ခ) ငပွားတို့ လိုက်ပါလာသည့် လူနာတင်ယာဉ်သည် ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံသို့ လူနာသွားရောက်ပို့ဆောင်ပြီး စစ်တောင်းကျေးရွာသို့ ပြန်လည်ထွက်ခွာလာစဉ် အင်္ဂဘိုကျေးရွာအနီး အရောက်တွင် အကြမ်းဖက်သမားများက လက်နက်ငယ်များ




လူနာပို့ပြီးပြန်လာသည့် လူနာတင်ယာဉ်အား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်၌ ကျည်ဆံထိမှန်မှုနှင့် ဒဏ်ရာရလူနာ။

ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကိုပြည့်ဖြိုးအောင်နှင့် ကိုကျော်ဇင်ဦး(ခ)ငပွားတို့တွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး ကျိုက်ထိုမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ကိုပြည့်ဖြိုးအောင်မှာ ရရှိထားသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး**

ထိုသို့ လူနာတင်ယာဉ်အား အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေခံ လုံခြုံရေး တပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့ လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံ အားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက် ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အလယ်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ အဆိုပါကျောင်းဝင်းအတွင်းရှိ စာသင်ကြားခြင်းမရှိ ပိတ်ထားသည့် သုခဝတီဆောင် အနောက်ဘက်ဘုရားအနီး လမ်းမပေါ်မှ နေ၍ ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူ အမျိုးသားနှစ်ဦးက လက်လုပ်အသံဗုံးတစ်လုံးဖြင့် ပစ်ပေါက် ထွက်ပြေးသွားခဲ့သဖြင့် သုခဝတီဆောင်နှင့် အုတ်တံတိုင်းကြားသို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ထို့အပြင် ဇွန် ၉ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ၁၀ တန်းကျောင်းဆောင်ရှေ့ရှိ စာသင်ခုံပေါ်၌ ဆန့်ကျင်ခြိမ်းခြောက်စာများ ပါရှိသည့် စာရွက်တစ်ရွက်ကို လည်းကောင်း၊ မွန်းလွဲ ၃ နာရီ ၂၅ မိနစ်တွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာနေ အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသက်လွင်ဦးထံသို့ ကျည်ဆန်တစ်တစ်တောင့်နှင့် LLPDF တံဆိပ်ပါ ခြိမ်းခြောက်စာ တစ်စောင်အား လည်းကောင်း ပေးပို့ခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စိစစ်မှုများ ပြုလုပ်ခဲ့ပြီး ခြိမ်းခြောက်စာ ပေးသွားသူများကို စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှု သတင်းများရရှိပါက လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်း ကူညီပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ချထားသည့် ဆန့်ကျင်ခြိမ်းခြောက်စာသားများ ရေးသားထားသော စာရွက်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၆-၂၀၂၂ စနေနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ တောမျှဉ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၂၀ ရှုလေမြင်လေကမ္ဘာမြေ |
| ၀၇:၀၀ နံနက်ခင်းသတင်း | ၁၈:၀၀ ပြည်တွင်းသတင်း |
| ၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ | ၁၈:၃၅ သုတစေပြာသီရိဂေဟာ |
| ၁၀:၀၀ သတင်းထဲကသတင်း | ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၉၆) |
| ၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ် | ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ | ၂၁:၀၀ (၃၀)ကြာမဂ်လာ (ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) 'ဒါနဥ' နှင့် 'ဝိနယောစသုဿိကံ့တော' |
| ၁၂:၂၀ မြန်မာဇာတ်လမ်းတွဲ 'ကျွန်တော်ချစ်သောမိန်းမများ' (အပိုင်း-၆) | ၂၁:၄၅ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း 'ရောဂါဆန်း' |
| ၁၃:၃၀ MRTV National News | |
| ၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ် | |
| ၁၆:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် | |

**mitv**

07:01 Migadawon (Tekkatho Lei Lei)
07:09 Weekly Review
07:25 Mommy Cook: The Foster Mother
07:43 Myanmar Street Foods
07:47 Myanmar Family Life: Family Duties
08:00 Quiz Time
09:01 News
09:26 Global Partnership for Brighter Future: Iran Pavilion at Expo 2020 Dubai
09:38 A Day in Pyin Oo Lwin
10:02 Sticky Shan Snack
10:08 The Lapidarist
10:23 Atuladhipati Mahamunisacca Koe Htat Kyee Pagoda

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ထမင်းရည်ရဲ့အာနိသင်အကြောင်းသိကောင်းစရာ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဖားစည်မြေမှရိုးရာအလှ

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဝုဏ်ယူစံထားဘောလုံးသမား ဆလိုင်းလာကျဲအိုလွယ်

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ကြိတ်အေတို

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ရိုးရာတူရိယာ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ကျောက်တော်တောင်ပွဲ (ဗုဒ္ဓပူဇနီယပွဲတော်)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၂)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ငါးပေါင်းပြုလုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ခဲသမားတို့ရဲ့ဘဝ

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဂေါ်ရန်ဂျီကျွန်းသဘာဝအလှ (အပိုင်း-၂)

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၁၅ သတိပြုကာကွယ် ငှက်ဖျားရောဂါအန္တရာယ်
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တောင်းပန်ပါတယ်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
၀၆:၅၅ အောင်လံသုတေသနနှင့်မျိုးသန့်ခြံ ငွေချည် (၆) ချည်မျှင်ရှည်ဝါ
၀၇:၀၀ ဆေးပက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
၀၇:၁၅ နည်းပညာတန်ဖိုး
၀၈:၂၀ သူသူငါငါနေရာတကာမှိုရတဲ့မျက်နှာ
၀၉:၂၅ ဝင်ငွေတိုးပွားရှေ့သွား

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များရှိ ပထမနှစ်သင်တန်းများ၏ လစ်လပ်နေရာများသို့ ပြောင်းရွှေ့တက်ရောက်နိုင်ရေး လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

(၂၀၂၀) ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိထားပြီး ကျောင်းလာရောက်အပ်နှံခြင်း မရှိသေးသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအချင်းချင်း ပြောင်းရွှေ့လျှောက်ထားလိုသူများ၊ အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိသူများသည် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်းနှင့် လစ်လပ်နေရာပေါ် မူတည်ပြီး ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအနက် အမှတ်အများဆုံးရရှိသူများအား ရွေးချယ်၍ လစ်လပ်နေရာများတွင် အစားထိုးပြောင်းရွှေ့တက်ရောက်ခွင့်ပြုရေး ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website တို့တွင်လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင် လည်းကောင်း၊ သက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များ၏ Website များတွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် မိမိတို့လက်ရှိတက်ရောက်ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်များတွင်လည်း စုံစမ်းမေးမြန်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကန်ပိုက်တီကုန်သွယ်ရေးစခန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကချင်ပြည်နယ်အစိုးရသို့ လှူဒါန်းသည့် အောက်ဆီဂျင်(အိုးခွံ) ၁၀၀၀၊ Mask ၀ ဒသမ ၅ တန်ကို ယာဉ်စီးရေ ခြောက်စီးဖြင့် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၆ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၄၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၃၅ ကျပ် | ၂၅၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၆၅ ကျပ် | ၂၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၆၀ ကျပ် | ၂၃၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၁၅ ကျပ် | ၂၃၆၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၆၀ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၉ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၂၁၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၈၂ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၂၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၇၀ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၄၉ | ၃၇၂၄၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၅၉၈ | ၁၆၁၄၆၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၄ | ၃၂၀၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၁၀ | ၁၈၀၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၇၁ | ၁၈၄၆၀၀ |
| EFR | ၂၆၅၀ | ၂၅၅၀ | ၇၁ | ၁၈၃၀၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀ | ၅၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်ထပ်မံတိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့် လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့် လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများ အနေဖြင့် နိုင်ငံသား မျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာပဟူသော နာသုံးနာကိုရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့ လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ ၇-၆-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊သတင်းထုတ်ပြန်ရေးအဖွဲ့က ထပ်မံသတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ဆရာ ဆရာမ (၂၉၆၀) ဦး ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော အခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၁၄-၆-၂၀၂၂)ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ မြို့နယ် ၁၀ မြို့နယ်တွင် မိုးစပါးတောင်သူတို့အတွက် ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးလျက်ရှိ

**ရန်ကုန် ဇွန် ၁၀**

ပြည်တွင်းစားသုံးမှုအတွက် အရေးပါသော မိုးစပါးကို နှစ်စဉ်ဧက ၁၅ သန်း စိုက်ပျိုးလျက်ရှိရာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် မြို့နယ် ၁၀ မြို့နယ်မှ တောင်သူတို့အတွက် ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

နိုင်ငံအတွင်း နွေစပါးကို နှစ်စဉ်ဧက နှစ်သန်းနှင့် မိုးစပါးကို နှစ်စဉ်ဧက ၁၅ သန်း စိုက်ပျိုးလျက်ရှိရာ မိုးစပါး စိုက်ပျိုးမှုမှာ အရေးပါသောကြောင့် သွင်းအားစုဖြစ်သော ဓာတ်မြေဩဇာကို အပြည့်အဝအသုံးပြုနိုင်ရန် နိုင်ငံတော်အစိုးရမှ ဓာတ်မြေဩဇာတင်သွင်းရောင်းချဖြန့်ဖြူးရေး ဦးဆောင်ကော်မတီဖွဲ့စည်း၍ တောင်သူတို့ဓာတ်မြေဩဇာ အခက်အခဲမရှိစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံအတွင်းသို့ ဓာတ်မြေဩဇာ တင်သွင်းမှုအခက်အခဲကိုကျော်လွှားနိုင်ရန် ပုဂ္ဂလိကကုမ္ပဏီများယှဉ်ပြိုင်မှုထက် ပူးပေါင်းဆောင်ရွက်မှုဖြင့် အစုအဖွဲ့ဖွဲ့၍ လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှလည်းကောင်း သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးဆောင်ရွက်လျက်ရှိပြီး မိုးစပါးအတွက် လိုအပ်သော ဓာတ်မြေဩဇာတို့ကို အရှေ့အလယ်ပိုင်းဒေသနှင့် အာဆီယံနိုင်ငံများမှ တင်သွင်းလျက်ရှိကြောင်း သိရသည်။

**ဈေးနှုန်းသက်သာစွာဝယ်ယူနိုင်**

"မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်အနေနဲ့ မိုးစပါးရာသီအတွက် ဓာတ်မြေဩဇာ တင်သွင်းမှုကို အချိန်ကိုက် ဆောင်ရွက်ထားတာရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ကူညီအားပေးမှု၊ သမဝါယမနဲ့ ကျေးလက်ဦးစီးဌာနကကူညီမှုနဲ့ ဓာတ်မြေဩဇာ တင်သွင်းပြီး တောင်သူတွေကို သက်သာတဲ့ဈေးနှုန်းနဲ့ ဓာတ်ဩဇာ တစ်အိတ်ကိုငွေကျပ် ၈၅၀၀၀နဲ့ ရောင်းချပေးနေပါတယ်။ အပြင်ဈေးနှုန်းထက် ၅ ရာခိုင်နှုန်းကျော်သက်သာပြီး အရည်အသွေးလည်းကောင်းမွန်တာကြောင့် မိုးစပါးစိုက်တောင်သူတွေ အရှိန်မပြတ် ဆက်လက်စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ "ဓာတ်မြေဩဇာ အခက်အခဲရှိမယ်ဆိုရင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ရုံးခွဲတွေ၊ မြို့နယ်သမဝါယမဦးစီးဌာနများနဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကို ချိတ်ဆက်ပြီး ဈေးနှုန်းသက်သာစွာ ဝယ်ယူအသုံးပြုနိုင်ပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

**ဖြန့်ဖြူးရောင်းချပေး**

တောင်သူများအနေဖြင့် ပြီးခဲ့သော နွေစပါးတင်း ၁၀၀ လျှင် ငွေကျပ် ခုနစ်သိန်းမှ ရှစ်သိန်းအထိဈေးရခဲ့ပြီး မိုးစပါးကို ပိုမိုစိုက်ပျိုးရန် စိတ်ထက်သန်ကာ အထွက်နှုန်းကောင်း၍ ဝင်ငွေပိုမိုရရှိရန် မျှော်လင့်ထားကြသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ လယ်ယာကုန်ထုတ် သမအသင်းဝင် တောင်သူများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် စိုက်ပျိုးရေးချေးငွေ အကျေပေးသွင်းထားသူများ၊ ဆန်စပါးအသင်းချုပ်နှင့် အသင်းဝင်ကုမ္ပဏီများနှင့် အကျိုးတူလယ်ယာစနစ် ဆောင်ရွက်သော တောင်သူများအား ဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချပေး လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ မြောင်းမြ၊ မအူပင်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ပေါင်းတည်၊ သဲကုန်း၊ မင်းလှတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တွံတေး၊ ဒလ၊ တိုက်ကြီးတွင်လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေတွင်လည်းကောင်း ဓာတ်မြေဩဇာကို ဈေးနှုန်းတစ်သမတ်တည်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး မိုးစပါးစိုက်ပျိုးရာတွင် မရှိမဖြစ်လိုအပ်သော ဓာတ်မြေဩဇာများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တောင်သူများ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

## ပေါက်တောမြို့နယ်၌ စပါးမျိုးစေ့ထုတ်လုပ်မည့်တောင်သူများသို့ မျိုးစပါးထောက်ပံ့ပေးအပ်

**ပေါက်တော ဇွန် ၁၀**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စပါးမျိုးစေ့ထုတ်လုပ်မည့် တောင်သူများသို့ မျိုးစပါးထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပေါက်တောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်သန်းဋ္ဌေးက ထောက်ပံ့ပေးအပ်သည့် စပါးမျိုးစေ့မှာ မျိုးကောင်းမျိုးသန့် ဖြစ်သည့်အတွက် ဆက်လက်ထိန်းသိမ်း ကြစေလိုကြောင်း၊ တက်ရောက်လာကြသည့် တောင်သူများကလည်း စံပြတောင်သူများ ဖြစ်အောင် စွမ်းဆောင် ကြစေလိုကြောင်း စသည်တို့ကို ပြောကြားကာ တက်ရောက် လာကြသည့် တောင်သူများကို တာဝန်ရှိသူများက ကျေးရွာအုပ်စုအလိုက် စပါးမျိုးစေ့များ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူ ၁၉ ဦး တက်ရောက်ကြကြောင်း သိရသည်။



**ဝင်းမင်းစိုး**
**(ပြန်/ဆက်)**

## အိမ်မဲမြို့နယ်၌ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူ ၂၄ ဦးတွေ့ရှိ

**အိမ်မဲ ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၂၄ ဦးတွေ့ရှိထားသဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

**ရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်**

ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အိမ်မဲမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်မင်းထက်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသော ၂၄ ဦးမြောက် ကလေးငယ် နေထိုင်သည့် အထက်ပိုင်းရပ်ကွက် ၇ လမ်းတစ်လျှောက် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ခြင်ဆေးမှုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အိမ်မဲမြို့နယ်တွင် ယခုလမှစတင်၍ မြို့ပေါ်ရပ်ကွက်ငါးခုတွင် တနင်္လာနေ့မှ သောကြာနေ့အထိ အလှည့်ကျ တစ်ရက်လျှင် ရပ်ကွက်တစ်ခုစီ၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အပတ်စဉ် စနေနေ့တိုင်း စုပေါင်းအမှိုက်ကောက်ခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းအတွင်း အမှိုက်များဆယ်ယူခြင်း အစရှိသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## ဘီးလင်း၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ဘီးလင်း ဇွန် ၁၀

မွန်ပြည် ဘီးလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော သာယာကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို သာယာကုန်းကျေးရွာ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းကို မြစိမ်းရောင်စီမံကိန်းအတိုးရငွေမှ ငွေကျပ်သိန်း ၉ ဒသမ ၂၃၇၇၅ ဖြင့် မေလမှစတင်အကောင်အထည် ဖော် ဆောင်ရွက်ခဲ့ပြီး မေလကုန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး၍ ကျေးရွာရှိရဟန်းသံဃာများ၊ ရွာသူများ ရွာသားများမှာ မိုးတွင်းအခါ သွားလာရလွယ်ကူအဆင်ပြေလာကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့မှ ကျင်းပသော တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၂၂)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ပြုလုပ်ရာ **(ယာပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ် ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဆင့်ပွားသင်တန်း တက်ရောက်မည့် သင်တန်းသားသင်တန်းသူများအား ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ် တိုးချဲ့ဆောင်၏ ၈၃ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၀**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် ခိုလမ်တပ်နယ် (ခ) အသင်းနှင့် ကွန်ဟိန်းတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။**(ဝဲပုံ)**

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဇွန် ၁၇ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇွန် ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၅)နှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၉၂၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၃၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၃၄၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ဒေသခံပြည်သူ ၁၆၅၀၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၁၇၀၉၀၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ ဒေသခံ ပြည်သူ ၆၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ဇွန် ၉ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၈၂၈၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၂၇၃၅ ဦး၊ ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၀၂၁၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၅၀၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၂၄ ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၀၆၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငါးလုပ်ငန်းဦးစီးဌာန၏ အလုပ်သင်(နေ့စား)ဝန်ထမ်းများ လုပ်ငန်းခွင်ဝင် သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်သင် (နေ့စား) ဝန်ထမ်းများ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်း အခမ်းအနားကို ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူးရုံးများတွင် ဇွန် ၁၀ ရက်က ကျင်းပသည်။**(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ငါးလုပ်ငန်းဦးစီးဌာန အလုပ်သင် (နေ့စား) ဝန်ထမ်းများအား လုပ်ငန်းခွင် သင်တန်း (၁/၂၀၂၂) ကို နေပြည်တော်တွင်သာမက တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှာ တပြိုင်တည်း ဖွင့်လှစ်ခဲ့ပါကြောင်း၊ သင်တန်းတွင် ငါးလုပ်ငန်းများနှင့် ပတ်သက်သည့် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရုံးလုပ်ငန်းဆိုင်ရာများ၊ ငွေစာရင်းပိုင်းဆိုင်ရာများ၊ ဒေသအလိုက် ဆောင်ရွက်လျက်ရှိသည့် ငါးလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာများကို ပိုမိုစနစ်တကျသိရှိလာနိုင်စေရန် အတွက် နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန အသီးသီးတွင် ငါးရက် ကြာပို့ချပေးခဲ့ပါကြောင်း၊ လုပ်ငန်းခွင်ဝင်သင်တန်းမှ ပို့ချသင်ကြားပေးခဲ့သည့် ပညာရပ်များကို အသုံးချပြီး ငါးလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေး အတွက် မိမိတို့တစ်ဦးချင်းအလိုက် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြစေရန် တိုက်တွန်းပြောကြားခဲ့ပြီး သင်တန်းဆင်း လက်မှတ်များကို ချီးမြှင့်ပေးသည်။



ပြည်ထောင်စု နယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း အလုပ်သင် (နေ့စား) ဝန်ထမ်းများ လုပ်ငန်းခွင်ဝင် သင်တန်းကို ဇွန် ၆ ရက်မှ ၁၀ ရက်အထိ သင်ကြားပို့ချပေးခဲ့ပြီး အဆိုပါ သင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ သင်တန်းသား သင်တန်းသူ ၁၆၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

